
ဆိုး
မြုစုသည့် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလအတွက်
ညစဉ်ခွန်အား
ခရစ်ယာန်အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာစောင်
Model: နော်ဒေးလိုကဲဘလု၊
အသင်းတော်အတွင်းကန့်သတ်

**နိုဝင်ဘာလ(၁)ရက်၊ ၂၀၀၇–ခုနှစ် (ကြာသပတေးနေ့)**

ကြည့်ရှုလော့။ မိုကောင်းကင်သစ်နှင့်မြေကြီးကို ငါဖန်ဆင်းမည်။ အရင်မိုးကောင်းကင်နှင့်မြေကြီးကို မအောက်မေ့ရ။ (ဟေရှာယအနာဂတ္တိကျမ်း၊ ၆၅ း ၁၇)

---

## " ဆောင်း ... အသစ် "

တစ်နှစ်လျှင်တစ်ကြိမ် ဆောင်းရာသီကို တွေ့မြင်ခံစားရပါသည်။ လွန်ခဲ့သောနှစ်များတွင် ဆောင်းရာသီတစ်ခုကိုကျွန်တော်တို့ကြုံခဲ့ရ၍ ပြန်စဉ်းစားသောအခါ အောက်မေ့စရာများစွာရှိခဲ့သော်လည်း တကယ်တော့ ထိုဆောင်းတို့သည်ဟောင်းနွမ်း၍ တစ်ခါပြန်ကြုံရလျှင်တောင် စိတ်လှုပ်ရှားဖွယ်မကောင်းနိုင်ပါ။ ယခုလာမည့်ဆောင်းအသစ်ကတော့ ဘယ်လိုဆုံရမည်ကြုံရမည်ကို မသိနိုင်သော်လည်း ဝင်စားဖို့ရန် သေချာသောအချိန်၌. . . အကောင်းများစွာ၊ တစ်နည်းအားဖြင့် ကျေးဇူးတော်များကို ဘုရားရှင်ပြင်ဆင်ပေးမှာကတော့ သေချာပါသည်။ စင်စစ် ဘုရားရှင်သည် နွေအသစ်၊ မိုးအသစ်၊ ဆောင်းအသစ်ကို အစဉ်ဖန်ဆင်း၍ ကျွန်တော်တို့အတွက် ကောင်းကြီးမင်္ဂလာအသစ်ကို နေ့စဉ်ချပေးလျက်ရှိပါ၏။

ဟေရှာယအနာဂတ္တိကျမ်းတွင် နေဗုခနေဇာမင်းကြီးသည် ယေရုရှလင်မြို့ကို ဘီစီ(၅၈၇)ခုနှစ်၌ တိုက်ခိုက်သိမ်းယူပြီး၊ သူ၏စစ်ဗိုလ်များသည် ယုဒပြည်ရှိ မှူးမတ်များ၊ အထက်တန်းလွှာများကို ဖမ်းဆီးချုပ်နှောင်ကာ၊ ဗာဗုလုန်နိုင်ငံသို့ ဖမ်းဆီးခေါ်ဆောင်သွားပါသည်။ များစွာသော ဣသရေလလူမျိုးတို့သည် ဘီစီ(၅၃၉)ခုနှစ်ကျမှ ပြန်လာနိုင်ကြောင်း ဖော်ပြထားပါသည်။ ထိုအခါ ပရောဖက်ကြီးက အသစ်သော ယေရုရှလင်၊ အသစ်သောကမ္ဘာကို တည်ဆောက်ဖို့ 'အသစ်သောအစည်းအရုံး'များဖြင့် တိုက်တွန်းဟောကြားခဲ့ပါသည်။ သုံ့ပန်းဘဝမှ ပြန်လာကြသော ဣသရေလတို့ အသစ်ယေရုရှလင်အသစ်မှာ မျှော်လင့်စရာပျော်မွေ့စရာဟု သိမှတ်ယုံကြည်စေသဖြင့် အားရ ရွှင်လန်းကြပါ၏။

တကယ်ဆိုလျှင် နှစ်ပေါင်းများစွာ ကျွန်ခံရသောသူများ၊ ပင်ပန်းနွမ်းနယ်သောသူများသည် မည်ကဲ့သို့ ခွန်အားရှိနိုင်ပါ့မလဲ။ သို့သော် ထာဝရဘုရား၏ ဗျာဒိတ်တော်အားဖြင့် အသစ်သောခွန်အားကို ရသည့် သက်သေရှိပါသည်။ ကျွန်တော်တို့သည် ဆောင်းရာသီအဟောင်းများတွင် အေးစက်ခဲ့ဖူးပါသည်။ သူများတွေလိုပဲ ရုန်းကန်ခဲ့ကြရသဖြင့် မောပန်းကာနေပါ၏။ သို့သော် . . . ကိုယ်တော်၏နှုတ်ကပတ်တော်ခွန်အားကိုကြားလျှင် အမှန်ပင် အရိုးခြင်ဆီတို့သည် အားပြည့်လာ၍ ဆောင်းအသစ်မှာ မျှော်လင့်ခြင်းအသစ်၊ ပျော်ရွှင်ခြင်းအသစ်၊ ကောင်းကြီးမင်္ဂလာအသစ်ကို ခံစားကြရမှာပါ။ ဆာလံဆရာက . . . နှုတ်ကပတ်တော်ကို နေ့ညမပြတ် ဆင်ခြင်သောသူသသည် ပြုလေသမျှ၌ အောင်လိမ့်မည်ဟု အာမခံထားပါ၏။ (ဆာ၊ ၁း၂-၃)

**နိုဝင်ဘာလ(၂)ရက်၊ ၂၀၀၇–ခုနှစ် (သောကြာနေ့)**

ဇကွဲ၊ မြန်မြန်ဆင်းလော့။ သင်၏အိမ်၌ ယနေ့ငါတည်းနေမည်ဟု မိန့်တော်မူသည်။ ဇကွဲသည် အလျှင်အမြန်ဆင်း၍ ဝမ်းမြောက်သောစိတ်နှင့် ကိုယ်တော်ကို မိမိအိမ်၌ ဧည့်ခံလေ၏။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၁၉ း ၆)

---

# " မြန်မြန်ဆင်း ... "

ဇကွဲသည် အခွန်ခံတစ်ယောက်ဖြစ်၍ သူ့မှာအပေါင်းအသင်းမိတ်ဆွေများ ရှားပါးလှပါသည်။ ရောမအစိုးရအတွက် အခွန်ခံရသောသူဖြစ်သောကြောင့် သူ့ကို မုန်းတီးကြပါသည်။ အခွန်အတုပ် ပိုမိုကောက်ခံသဖြင့် ချမ်းသာကြွယ်ဝမှုတော့ရှိပါသည်။ ဥပမိရုပ်ကတော့ အားနည်းပါသည်။ မိတ်သဟာယကတော့ ဝေးတာပေါ့။ မြို့သူမြို့သားများက သူ့ကို ဂရုမစိုက်၊ အလေးမထားဘဲ ဝေးဝေး ရှောင်ကြသည်။ အဖော်အဖက်မလုပ်ချင်။ ရွံမုန်းသဖြင့် တကယ်တန်းလူထုပရိသတ်အကြားသို့ ရောက်သွားသောအခါ ဇကွဲခမျာ မနေတတ်၊ မထိုင်တတ် ဖြစ်ရပါပြီ။ မျက်စောင်းထိုးသူ၊ တံတွေး ထွေးသူများကြောင့် အတော်ခံရခက်ပါသည်။ အရပ်ကလည်းပုသောအခါ သခင်ယေရှုကိုမြင်ရဖို့ မဖြစ်နိုင်။ ကိုယ့်ပတ်လည်ကလူတွေက အခွင့်အရေးပေးမှာလည်းမဟုတ်သောအခါ . . . အခွန် ခံသူသည် အကြံထုတ်ရလေသည်။

သဘော်သဖန်းပင်ပေါ်သို့တက်၍ တစ်ယောက်တည်းထိုင်နေစဉ် ဇကွဲသည် အပယ်ခံဘဝ၊ တစ်ကိုယ်တည်းနေရသူအဖြစ် ကြေကွဲနေမည်ဖြစ်ပါသည်။ ထိုခဏ၌ပင် . . . ဇကွဲ မြန်မြန်ဆင်းလော့၊ သင့်အိမ်၌ ယနေ့ ငါတည်းနေမည် . . ဟု မိန့်တော်မူသောအခါ အလွန်အံ့သြ၍ ဝမ်းမြောက်ရွှင်လန်းသွားမည်ကို သိနိုင်ပါသည်။ စင်စစ် . . . ဇကွဲကဲ့သို့ တစ်ယောက်တည်းကျန်နေသူကို အမြဲတမ်းရှာဖွေ၍ သတိပြုမိပါသည်။ လူအများ စွန့်ပယ်ထားသောလူနူများကိုပင် မရွံမရှာ ဂရုပြု ပါသည်။ အပြစ်ဒုစရိုက်နွံအတွင်းမှာ ရုန်းကန်လျက်နေရသူများကိုလည်း ဂရုဏာပြခဲ့ပါသည်။ ဇကွဲတစ်ယောက်တည်းကိုသာ မဟုတ်။ ဇကွဲပေါင်းများစွာကို ကိုယ်တော်ရှာဖွေ၍ ကြင်နာခြင်းကို ပြသခဲ့ပါသည်။

ယနေ့တွင် . . . ကျွန်တော်တို့သည်လည်း ဇကွဲကဲ့သို့ အားနည်းခြင်း ရှိနိုင်ပါသည်။ သူတစ်ပါးအထင်မကြီး၊ စာရင်းမသွင်း၍ ပစ်ပယ်ထားခဲ့လျှင်လည်း ကိုယ်တော်ရှာဖွေ၍ ဂရုပြုပါလိမ့်မည်။ ဇကွဲသည် အခွင့်အရေးမရှိသည့်ကြားမှ ကိုယ်တော်ကို ကြိုးစားရှာဖွေ၍ သစ်တစ်ပင်ပေါ်သို့ စွန့်စားကာ တက်ရောက်ခဲ့ပါသည်။ ကိုယ်တော်ကိုမြင်နိုင်ဖို့ ဒီတစ်နည်းပဲ ရှိပါ၏။ ကျွန်တော်တို့လည်း ကိုယ်တော်ကို တစ်နည်းနည်းနှင့် ကြိုးစားရှာဖွေခဲ့ပါလျှင် . . .၊ သခင်ယေရှုသည် ကျွန်တော်တို့အား မျက်နှာသာပေးပါလိမ့်မည်။ ဇကွဲကို 'မြန်မြန်ဆင်း'. . ဟု မိန့်တော်မူသော နှုတ်ကပတ်တော်ကို အောက်မေ့ကြပါစို့။

**နိုဝင်ဘာလ(၃)ရက်၊ ၂၀၀၇–ခုနှစ် (စနေနေ့)**

အထက်ကာလ၌ သင်တို့သည် မှောင်အတိဖြစ်ကြ၏။ ယခုမူကား . . . သခင်ဘုရား၏ အလင်းဖြစ်ကြ၏။ (ဧဖက်ဩဝါဒစာ၊ ၅ း ၈)

---

## " မှောင်အတိ ... "

မောင်နွယ်မြင့်သည် ငယ်စဉ်ကပင် အနုပညာဝါသနာပါသတဲ့။ ဂီတကိုလည်း အထူးစိတ်ဝင်စားကာ တယောထိုးပညာမှာ ဆရာဖြစ်အောင်ကြိုးစားခဲ့ဖူးပါတယ် . . . ဟု ပြောလျှင် ကျွန်တော်မယုံနိုင်ပါ။ သူ့လက်ချောင်းများက မာမာတောင့်တောင့်နှင့် တယောကိုထိုးရန် သင့်တော်သောအနေအထားမရှိနိုင်ဟု ဝေဖန်လျှင် သူမနှစ်သက်နိုင်ပါ။ ကြိုးစား၍ အဖန်ဖန်လေ့ကျင့်သော်လည်း လက်တံတစ်ထွာမျှသာရှိသည့် တယော၏ဖလက်တံများကို သေသေသပ်သပ်မတီးခတ်နိုင်ဘူးဟု ကျွန်တော်အောက်မေ့ခဲ့ပါ၏။ သူက မခံနိုင်သဖြင့် ကျုပ်ကို အထင်မသေးနဲ့ . . . ကျုပ် တယောသံကိုခံစားရင်း ကျွန်တော့်ဘကြီးတောင်မျက်ရည်ကျတယ်ဟု ဆိုပါ၏။ အလွန်စိတ်ခိုင်မာ၍ တော်ရုံတန်ရုံအနုပညာကို မချီးကျူးသော သူ့ဘကြီးပင် မျက်ရည်ကျတယ်ဆိုတော့ ဘယ်လိုအလွမ်းသီချင်းနဲ့လက်စွမ်း ပြပါလိမ့်ဟု တွေးနေမိပါသည်။ သူက . . .

ကျုပ်တယောနဲ့ဂန္ထဝင်သီချင်းတစ်ပုဒ်ကို တီးမလို့ဗျ။ လက်သံစမ်းနေတုံးရှိသေးတယ်။ ဘကြီးက နောက်ကနေ သင်္ကေတတွေကို လှမ်းပြီးကဲကြည့်နေတာ မသိဘူးလေ။ အာရုံဝင်စားပြီး ဘိုးတံကိုကောက်ထိုးတင်လိုက်တာ . . . တစ်ခါတည်း ဘကြီးမျက်လုံးကို တန်းထိုးမိရက်သားဖြစ်နေရော။ ဘိုးတံနဲ့ မျက်လုံးကိုတည့်တည့်ထိုးမိမှတော့ ဒီဘကြီး ဘယ်ခံနိုင်မလဲဗျာ။ မျက်ရည်ကျအောင်လွမ်းသွားတာပေါ့ဟုရှင်းပြလျှင် . . . သူ့ကို ရယ်ရမှာလည်းခက်လှပါ၏။ မည်သို့ပင်ဖြစ်စေ သူတစ်ပါးမျက်ရည်ကျအောင် တယောထိုးနိုင်သောသူတော့ ဖြစ်ခဲ့ရတာပေါ့နော်။

သို့သော်လည်း မောင်နွယ်မြင့်သည် ပါရမီမပါသောတယောဆရာဖြစ်ဖို့ လက်လျှော့ကာ ဘုရားသခင် စီမံခန့်ခွဲသည့်အတိုင်း တရားဟောဆရာဖြစ်လာပါ၏ ဘုရားရှင်အသုံးပြုသဖြင့် ဝိညာဉ်များစွာကို နောင်တမျက်ရည်စီးကျနေလျက် ကိုယ်တော့်ခြေရင်းသို့ ရောက်အောင် သွေးဆောင်နိုင်ခဲ့သဖြင့် လူရှေ့ ဘုရားရှေ့မှာ မျက်နှာရသူဖြစ်လာပါသည်။ အထက် ကာလ၌ မှောင်အတိရှိခဲ့သောသူပါ။ ရည်ရွယ်ရာ ဝါသနာပါရာကို ကြိုးစားလေ့ကျင့် သော်လည်း ဘုရားရှင် ခွင့်မပေး။ ဘုရားသခင်၏အလင်းဖြစ်ဖို့ကိုသာ ကိုယ်တော် ပြင်ဆင် ပေးပါ၏။ ကျွန်တော်တို့တစ်ယောက်စီသည် မှောင်ထဲမှာ မနေရ။ ဘုရားရှင်အလိုတော် ရှိသာ နေရာမှာ အလင်းတစ်စဖြစ်ဖို့သာ အရေးကြီးပါ၏။

**နိုဝင်ဘာလ(၄)ရက်၊ ၂၀၀၇–ခုနှစ် (တနင်္ဂနွေနေ့)**

သင်တို့သည် ငါပေးသောပြည်သို့ရောက်၍ စပါးကိုရိတ်သောအခါ . . . အဦးရိတ်သော ကောက်လှိုင်းတစ်စည်းကို ယဇ်ပုရောဟိတ်ထံသို့ ဆောင်ခဲ့ရမည်။ (ဝတ်ပြုရာကျမ်း၊ ၂၃ း ၁၀)

---

## " အဦးရိတ်သော ... "

ကျုံ့ရွာမှ မန်းမြသန်းနှင့်ဇနီးတို့တွင် သားသမီးများမွေးလာသောအခါ ပထမဦးဆုံး ရင်သွေးကို ဘုရားရှင်အတွက်ပေးမည်။ အမှုတော်ဆောင်အဖြစ် ဆက်ကပ်မည်ဟု ဆုတောင်းခဲ့သည့်အတိုင်း ပထမဦးဆုံးသမီးကိုရလာလျှင် ကျမ်းစာကျောင်းသို့ပို့ခဲ့ပါသည်။ ဆရာမနန့်စန်းဖောင်သည် လူအမြင်နှင့်ကြည့်လျှင် ခွန်အားမရှိသူ၊ မကျန်းမာသူ၊ သန်မာကြံ့ခိုင်မှု အားနည်းပါ၏။ သို့သော် . . ဘုရားရှင်ပေးသောခွန်အားနှင့် အမှုတော်ဆောင် ဖြစ်လာခဲ့ပါသည်။ ထိုသေးသေးကွေးကွေးဆရာမကလေးသည် မြန်မာနိုင်ငံဗမ္မတက္ကသိုလ်တွင် အမှုတော်ဆောင်၍ ဘုရားရှင်မျက်နှာသာပေးလျက် အများသောသူ၏ လေးစားခြင်း၊ အားကိုးခြင်းကို ရခဲ့ပါသည်။ တစ်နေ့တွင် မိအိုဘအိုသည် လေဖြတ်ဝေဒနာခံရပါသည်။ နောက်ဆုံးအချိန်နီးလျှင် ဆရာမသည် ရွာသို့ပြန်လာ၍ မိခင်နှင့်ဖခင်ကို ပြုစုရန် အခွင့်တောင်းပါ၏။ သမီးတစ်ယောက်အနေနှင့် ပြုစုခွင့်ကို ရချင်သဖြင့် တာဝန်မှထွက်ကာ မိဘများထံ ပြန်နေမည်ဟုတောင်းပန်လျှင် . . . မိခင်ဖခင်က လက်မခံပါ။ လောက၏ ခဲယဉ်းမှုကိုခံရသော်လည်း ဘုရားသခင်နှင့်ပြုခဲ့သောဂတိကို မဖျက်နိုင်သဖြင့် မျက်ရည်ကျလျက် ငြင်းပယ်ခဲ့သောမိခင်၏စကားမှာ . . .

သမီးလိမ္မာသောကြောင့် ဝမ်းသာကြည်နူးရပါတယ်။ သို့သော်လည်း ထွန်တုံးကိုကိုင်ပြီး ဖြစ်၍ နောက်သို့ လှည့်မကြည့်ပါနဲ့။ ဆက်ကပ်ထားပြီးဖြစ်၍ ကျောင်းသို့ပြန်သွားပါ။ သာသနာ့ခရီးကို သာဆက်လျှောက်ပါ။ မိဘများအတွက် မပူပါနဲ့။ သမီးမောင်လေးတွေ တာဝန်ယူပါလိမ့်မယ် . . . ဟူ၍ ဖြစ်ပါ၏။ ဆရာမသည် ကြေကွဲလျက် မိဘများကိုခွဲကာ ကားတိုင်ရှိရာသို့ ပြန်လာခဲ့ရပါ၏။ ကျွန်တော် . . . ကျုံ့ရွာသို့ရောက်လျှင် မိတ်ဆွေဟောင်းဖြစ်သော ဦးမြသန်းတို့ဇနီးမောင်နှံ၏ ဂူသင်္ချိုင်းသို့ ရောက်ခဲ့၍ အဦးသီးသော အရာကို ဘုရားရှင်အားပေးလှူခဲ့သောသူတို့အား သတိရမိပါသည်။ သူတို့၌သာမက သူတို့ သားသမီးများ၌ မနာလိုစရာကောင်းလောက်အောင် ကောင်းကြီးမင်္ဂလာများ ရရှိခံစားရသောအကြောင်းမှာ စင်စစ် . . . ဉာဏ်ကောင်းလို့၊ အလုပ်ကြိုးစားလို့တော့ မဟုတ်ပါ။ ဘုရားရှင်ကို သစ္စာရှိစွာ ဆက်ကပ်သောကြောင့်သာ ဖြစ်နိုင်ပါသည်။

အဦးသီးသောအရာအား ဘုရားရှင်ကိုပေးလှူရန် သမ္မာကျမ်းစာသွန်သင်သော်လည်း ကျွန်တော်တို့မလိုက်နာပါ။ စင်စစ် ကောင်းကြီးမင်္ဂလာတံခါးတစ်ချပ်ကို ပိတ်လိုက်တာ ဖြစ်ပါသည်။ ကျွန်တော်တို့မှာ ဘုရားသခင်ပေးထားတာများစွာရှိပါ၏။ အသီးဦး (ပထမ ရသောလစာကဲ့သို့သောဥစ္စာ) ကို ပေးလှူခြင်းဖြင့် ဘုရားရှင်ကို စုံစမ်းကြည့်ပါ . . . မိတ်ဆွေ။

## နိုဝင်ဘာလ(၅)ရက်၊ ၂၀၀၇–ခုနှစ် (တနင်္လာနေ့)

ပေတရုသည် ထောင်ထဲမှာ အကျဉ်းနေစဉ်၊ သင်းဝင်သူတို့သည် သူ့အဘို့ကြိုးစား၍ ဆုတောင်း ပဌနာပြုကြ၏။ (တမန်တော်ဝတ္ထု၊ ၁၂ း ၅)

---

### " အလွမ်းများနှင့် ..."

တစ်ညသ၌ တာချီလိတ်မြို့တွင်နေသော ဝင်းဝင်းဘွားနှင့်သူ့ခင်ပွန်းကို အိပ်မက် မက်ပြီး တစ်ရေးနိုးလာပါသည်။ အိပ်မက်ထဲမှာ သူတို့ဇနီးမောင်နှံကို ဘုရားကျောင်းထဲမှာ ချီးမွမ်းသီးချင်များသီဆိုလျက်တွေ့ရပါသည်။ တကယ်တော့ . . . လွန်ခဲ့သောနွေတစ်လက ကျမ်းစာသင်တန်းသွားပေးစဉ်သူတို့နှင့်တွေ့ဆုံခဲ့ရပါ၏။ ဆရာမဝင်းဝင်းဘွားသည် စေတနာ ထက်သန်သောသူနာပြုဆရာမကြီးဖြစ်လျက် ကုခြင်းဖြင့်အမှုတော်ဆောင်ပါသည်။ ငယ်စဉ် ကပင် ဧဝံဂေလိလုပ်ငန်းမှာ စိတ်အားကြီးသူဖြစ်၍ ယခုအခါ ဟ်သာတမြို့တွင်နေသော ဆရာမကြီးဒေါ်လှရွှေနှင့်အလွန်ခင်မင်ကာ အတူတကွပျော်ပျော်ရွှင်ရွှင်ဧဝံဂေလိ လုပ်ခဲ့ ကြောင်း ပြန်ပြောပါသည်။ လှလည်းလှပသူ၊ ငယ်လည်းငယ်ရွယ်သောအချိန်မှာ သူတို့ နှစ်ယောက် ပင်လယ်ကမ်းခြေချောင်းသာကိုသွား၍ ဟောပြောသက်သေခံရင်း ကြုံတွေ့ ခဲ့ရသမျှကို ပြန်ပြောပြရင်း ကြည်နူးရွှင်ပြ ဖြစ်ခဲ့တာကို သတိရပါသေးသည်။

တကယ်တော့ သူတို့ဇနီးမောင်နှံသည် အတွေ့အကြုံအမျိုးမျိုးကိုဖြတ်သန်းခဲ့၍ စုံလင်သောအမှုများကို ပြောနိုင်ကြသော်လည်း ဘယ်သူနှင့်တွေ့တွေ့၊ သတင်းကောင်းကို ပြောမည်။ ချီးမွမ်းသီချင်းဆိုမည်ဟုသာ ဆန္ဒကြီးပါ၏။ ကျွန်တော့်ကိုသက်သေခံရင်း ပိုက်ဆံ အိတ်နှင့် ယပ်တောင်ကို လက်ဆောင်ပေးပါသေးသည်။ ယခု . . . သူတို့ဘာဖြစ်နေမှန်း မသိနိုင်ပါ။ နေရာဝေးလှ၍ တယ်လီဖုန်းလည်းမရှိသဖြင့် မဆက်သွယ်နိုင်ပါ။ နောက်ဆုံး တော့ . . . သူတို့ဇနီးမောင်နှံအတွက် ဆုတောင်းပေးဖို့သာတတ်နိုင်၍ . . ဘုရားရှင်သည် သူတို့လိုအပ်သမျှပေးမည့်အကြောင်း ဆုတောင်းပေးပြီးမှ ငြိမ်သက်ခြင်းရ၍ တဖန် ပြန်၍ အိပ်ပျော်ခဲ့ပါသည်။

တစ်စုံတစ်ယောက်နှင့်ဝေးကွာရ၍ သတိရသောအခါ ဆုတောင်းပေးကြည့်ပါ။ ပူပန် သောစိတ်များပျောက်ကွယ်သွားပါလိမ့်မည်။ ဝေးသောအရပ်မှာရှိသော မိဘ၊ သားသမီး၊ သူငယ်ချင်း၊ ချစ်သူများအတွက် . . . ဆုတောင်းပေးခြင်းဖြင့် အလွမ်းများကို ဖြေနိုင်ပါ၏။ ကျယ်ဝန်းသောကမ္ဘာပေါ်မှာ တစ်ယောက်ကိုတစ်ယောက် ဖက်ရမ်းခွင့်တော့ အစဉ်မရနိုင် ပါ။ တစ်ခါတရံ ခွဲခွါရသဖြင့် လွမ်းစရာအချိန်များကြောင့် နှလုံးစိတ်ဝမ်းညှိုးနွမ်းရသော်လည်း သူတို့အတွက် ဆုတောင်းပေးခြင်းသည် ကိုယ့်အတွက်လည်း သက်သာစေသောအကြောင်း ဖြစ်ပါသည်။ မိမိအကျိုးမပါ၊ သူတစ်ပါးအတွက် ဘုရားရှင်ထံမှောက်သို့ ဝင်ရောက် ဆုတောင်းသောအခါ . . . ကြည်လင်သောဩတ္တပစိတ်ဖြင့် ဆုတောင်းနိုင်သဖြင့် အလွန် အကျိုးထူးလျက် နှစ်ဦးနှစ်ဘက်ကို ဘုရားရှင်ကောင်းချီးပေးမည်ဟု အမှန်ယုံကြည်မိ ကြောင်း ဖော်ပြပါရစေ။

**နိုဝင်ဘာလ(၆)ရက်၊ ၂၀၀၇-ခုနှစ် (အင်္ဂါနေ့)**

အဘယ်သူမျှမပိတ်နိုင်သောတံခါးကို သင့်ရှေ့၌ငါဖွင့်ထားပြီ။ အကြောင်းမူကား သင်သည် အနည်းငယ်သောခွန်အားရှိသည်နှင့် ငါ၏နှုတ်ကပတ်တော်ကို စောင့်ရှောက်ခဲ့ပြီ။ (ဗျာဒိတ်ကျမ်း၊ ၃း၈)

---

## " ခွန်အားနည်းသော်လည်း ... "

ကမာရွတ်မက်သဒစ်အသင်းတော်မှာ ကျွန်တော်သွား၍ တရားဒေသနာဟောရသောနေ့က ဒေါ်စန်းမြင့်အမည်ရှိ အသက်(၈၉)နှစ်အရွယ် တရုတ်အမျိုးသမီးကြီးကို တွေ့ခဲ့ရပါသည်။အံ့ဩဖွယ်ကိစ္စကတော့ ထိုမျှသက်ကြွယ်သူသည် နာမလေး၊ မျက်စိကောင်းသေးလျက်၊ ကျန်းမာစွာဖြင့် အသင်းတော်အတွင်းရေးမှူးအဖြစ် သာသနာ့ဝန်ကိုဆောင်နေဆဲဖြစ်ပါသည်။ သူရေးမှတ်သောမှတ်တမ်းစာများနှင့် သူကြေငြာသောစကားကို နားမလည်သော်လည်း ရွှင်လန်းသောအပြုံးကိုတော့ ဖတ်မိပါသည်။ အိုမင်းသည့်တိုင် အားလျော့ခြင်းမရှိ။ ဘုရားသခင်၏အမှုတော်မြတ်၌ ကြိုးစားနေဆဲရှိသည်ကို မြင်ရလျှင် ကိုယ်တိုင်ခွန်အားရပါသည်။ အားလည်းကျပါ၏။

ဘုန်းတော်ဝင်စားခဲ့ပြီဖြစ်သော ဆရာကြီးမူးလာ တစ်ခါကပြောခဲ့တာကို သတိရမိပါသည်။ သူက . . . တစ်ခါတုန်းက ကျွန်တော် ကြာအင်းက မော်လမြိုင်ကို သွားကြပါတယ်။ ဆိပ်ကြီးမှာ မနက်စောစော သင်္ဘောစီးရတယ်။ သင်္ဘောဆိပ်ကို မိတ်ဆွေတစ်ဦးက လှည်းနဲ့ပို့ပေးပါတယ်။ လှည်းမှာတပ်ထားသောနွားနှစ်ကောင်ဟာ အတော်အိုမင်းနေပါပြီ။ အိုလှတဲ့အတွက် ပိုင်ရှင်က သူတို့နှစ်ယောက်ရဲ့ချိုတွေကိုတောင် လှီးဖြတ်ထားတယ်။ ဒါပေမယ့် ကျွန်တော်တို့လည်း လှည်းပေါ်တက်လိုက်ရော၊ နွားတွေဟာ အပြေးပဲ သွားလိုက်ကြတာ တခြားလှည်းတွေကိုတောင် ကျော်ဖြတ်ပြီး တက်သွားကြတယ်။ ကျွန်တော်ကြီးလာရင် အဲဒီနွားနှစ်ကောင်လို ထက်ထက်သန်သန်ရှိပါစေလို့ ဆုတောင်းမိတယ် . . . ဟူ၍ ဖြစ်ပါသည်။ ဆရာကြီးသည် သူ့ဆုတောင်းအတိုင်း . . . ဘုရားရှင်ခွန်အားပေး၍ ဘုန်းတော်ဝင်စားချိန်အထိ ထက်ထက်သန်သန်နှင့် အမှုတော်ဆောင်ခဲ့ပါ၏။

ရှေးလူကြီးများထံမှ သင်ယူစရာများစွာရှိခဲ့ပါသည်။ သက်ကြွယ်သူတို့သည် ကောင်းသောပုံသက်သေအများကို ပြသလျက်၊ ချန်ထားလျက် ရှိပါသည်။ လူကြီးများကို အချို့က အထင်မကြီး၊ လစ်လျူရှုသည်မှာ လောကနှင့်စပ်ဆိုင်သောကိစ္စများတွင် မှန်ကောင်းမှန်နိုင်ပါ၏။ သို့သော် . . . ဝိညာဉ်ရေးရာ၌ လောကကိုဖြတ်သန်းခြင်းနည်းပညာမှာတော့ လစ်လျူမရှုနိုင်ပါ။ များစွာအတုယူဖို့ရန်၊ သင်ယူဖို့ရန်ကောင်းသဖြင့် သက်ကြွယ်သူများထံ ချဉ်းကပ်ခြင်းသည် အောင်မြင်ခြင်း၏လျှို့ဝှက်ချက်တစ်ခုဖြစ်ပါသည်။ ဘိုးဘေးတို့၏ ယုံကြည်ခြင်းကို မှီအောင်လိုက်ကြရပါမည်။ သက်ကြွယ်သော်လည်း အားမငယ်ပါနှင့်၊ အားနည်းသော်လည်း လက်မလျော့ရာ။ အားယူ၍ ရဲရင့်ခြင်းရှိကြလော့။ တရားလမ်းသို့လိုက်လော့။ ပြုလေသမျှ၌ အောင်မြင်လိမ့်မည် . . . ဟု ကတိတော်ရှိပါ၏။
(ယောရှု၊ ၁း၅-၉)

**နိုဝင်ဘာလ(၇)ရက်၊ ၂၀၀၇–ခုနှစ် (ဗုဒ္ဓဟူးနေ့)**

ငါ၏သားသမီးတို့သည်၊ သမ္မာတရား၌ကျင်လည်သည်ကို ငါကြား၍ ဝမ်းမြောက်ခြင်းထက် သာ၍ဝမ်းမြောက်ခြင်းမရှိ။ (ရှင်ယောဟန်ဩဝါဒစာ တတိယစောင်၊ ၁ း ၄)

---

## “ သာ၍ဝမ်းမြောက်ခြင်း ...”

သက်ကြွယ်သူဦးလှသိန်းကို ကွာယာခေါင်းဆောင်အဖြစ်တွေ့ရလျှင် အံ့ဩမိပါသည်။ လူငယ်များကြားထဲမှာ သက်ကြွယ်သူအချို့ပါဝင်လျက် ဂုဏ်တော်ချီးမွမ်းကြပါသည်။ စံနစ်တကျလေ့ကျင့်ထားဟန်ရှိသည်။ ခရစ်တော်မက်သဒစ်သံစုံအဖွဲ့သည် စည်းညီလျက် တက်သံကျသံများမှန်ကန်စွာဖြင့် သီဆိုခဲ့သည်ကို ကြားရပြန်လျှင် . . . လူငယ်များကို ယုံကြည်ခြင်းအမွေ၊ ချီးမွမ်းခြင်းအမွေကိုပေးသော အသင်းတော်မှသက်ကြွယ်သူများကို လေးစားမိပါသည်။ တဖန် . . . သံစုံသီချင်းကို စန္ဒယားဖြင့်တီးခတ်ပို့ဆောင်ပေးသော အန်တီကလည်း ထူလွန်းသောမျက်မှန်မှတဆင့် ဂီတသင်္ကေတကို စူးစူးကြည့်ကာ လက်ကျကောင်းကောင်း၊ ပညာရည်အထပ်ထပ်ဖြင့် အစွမ်းရှိသမျှဆက်ကပ်လျှင် ဝတ်ပြုခြင်းမှာ သာယာသောချီးမွမ်းခြင်းသည် အရှိန်တန်ခိုးပါလျက်၊ ကောင်းကင်ဘုံသို့ ယခုပင်ရောက်နေသလို၊ ဘုရားရှင်၏ရှေ့တော်မှောက်တွင်ရှိနေပြီဖြစ်မှန်း ခံစားရပါသည်။

ထို့နောက်တွင် ဒေါ်ထွေးအမည်ရှိ လှပခန့်ညားသောသက်ကြွယ်သူအမျိုးသမီးက အသင်းတော်နှင့်လူငယ်များအတွက် ဆုတောင်းပေးပါသည်။ ထိုအသင်းတော်၌ လှပ၊ နုပျိုသောလူငယ်များစွာရှိပါ၏။ တတ်သည့်ကလေး၊ တော်သည့်လူငယ်များ ဖြစ်နိုင်ပါသည်။ သို့သော် သိသာသောအချက်မှာ လိမ္မာသောလူငယ်များဖြစ်ပါသည်။ မိဘများ၏ဦးဆောင်မှု ပါဝင်ဆက်ကပ်မှုကို ငြိမ်သက်စွာခံယူ၊ သင်ယူပါ၏။ လက်ထောက်ဆရာကလေးပင်လျှင် အစီအစဉ်၌ မပါဝင်။ လူကြီးများကိုကူညီမ,စခြင်း၊ ပြုစုခြင်း၊ နားထောင်ခြင်းကိုပြုရာ များစွာ အံ့ဩခဲ့ရပါသည်။ အချို့သောလူငယ်များက ထိုသို့မဟုတ်ခဲ့ပါ။ သက်ကြွယ်သူများကို နေရာမပေးနိုင်။ ကိုယ်ကလည်းမပြည့်ဝသေးဘဲနှင့် စိတ်လှုပ်ရှားမှုဖြင့် ဆောင်ရွက်သဖြင့် အသင်းတော်များ၌ ခက်ခဲမှုရှိပါ၏။ ကမာရွတ်မက်သဒစ်ကတော့ . . . လိမ္မာသောလူငယ်များစွာရှိသဖြင့် အနာဂတ်အတွက် စိတ်အေးစရာ၊ စိတ်ချစရာ ဖြစ်ပါသည်။

ကျွန်တော်တို့ သားများတော်လျှင် ဂုဏ်ယူပါ၏။ သမီးများလှလျှင်လည်း ဝါကြွားပါ၏။ သို့သော် . . . မိဘများကို စိတ်ချမ်းသာမှုကိုပေးသောအရာကား သားသမီးတို့၏ လိမ္မာခြင်းဖြစ်ပါသည်။ မတော်လျှင်လည်း ခွင့်လွှတ်နိုင်ပါ၏။ မလှလျှင်လည်း နားလည်ပေးနိုင်ပါ၏။ မလိမ္မာလျှင်တော့ မိဘများရင်နာရပါပြီ။ ထို့ကြောင့် မိဘများကို ပျော်ရွှင်စေသော၊ အကောင်းဆုံးလက်ဆောင်အဖြစ်၊ ‘လိမ္မာစွာသင်ယူခြင်း’ ကို ပေးနိုင်ဖို့ သားသမီးများ ကြိုးစားကြစေချင်ပါသည်။ လိမ္မာသောသားသမီးများဖြစ်လျှင် အိမ်ထောင်မှာဝမ်းမြောက်ခြင်းသည် အစဉ်အမြဲတည်နေလေ့ရှိပါ၏။

**နိုဝင်ဘာလ(၈)ရက်၊ ၂၀၀၇-ခုနှစ် (ကြာသပတေးနေ့)**

နေရောင်အောက်မှာပေးသနားတော်မူသော အနတ္တအသက်ကာလပတ်လုံး၊ သင်ချစ်သောမယားနှင့် ရွှင်လန်းစွာ အသက်ကာလကိုလွန်စေလော့။ (ဒေသနာကျမ်း၊ ၉း၉)

---

## “ တစိမ့်စိမ့်ကြည့် ... ”

ကြို့ပင်ကောင်မြို့မှ အရှေ့ဖက်သို့ တာလမ်းအတိုင်းလျှောက်သွားလျှင် ပဲခူးရိုးမတောင်ခြေ၌ရှိသော ဒေါင်းစပါးကွင်းရွာသို့ ရောက်နိုင်ပါသည်။ ကျယ်ဝန်းသောလယ်ကွင်းများရှိသဖြင့် ယခုအချိန်ဆိုလျှင် နေရာတိုင်းမှာ အဝါရောင်ကောက်နှံတွေနှင့် မျက်စိတဆုံးဝင်းထိန်နေပါလိမ့်မည်။ ထိုစပါးကွင်းများအလယ်၌ရှိသော ဒေါင်းစပါးကွင်းကျေးရွာ၌ ကိုကြည်ဦးကို ကျွန်တော်တွေ့ခဲ့ရပါ၏။ အင်းထောက်ကြီးလည်းဖြစ်၍ သူ့အိမ်မှာဘုရားရှိခိုးသွားလျှင် သူ့ဇနီးမအေးအေးသန်းနှင့် မိတ်ဆက်ပေးပါသည်။ အေးအေးသန်းသည် အသားညိုညိုနှင့် သွယ်လျသောခန္ဓာရှိပြီး မျက်နှာကလည်းအချိုးကျကာ တစ်ခါကတော့ ရွာ့မျက်နှာဖုံးအလှသူဇာကွမ်းထောင်ကိုင်ကလေးပေါ့။ ကိုကြည်ဦးနှင့်အိမ်ထောင်ကျ၍ ခရစ်ယာန်ဖြစ်လာသောအခါ အသင်းတော်မှာ မပါဝင်နိုင်သော်လည်း ခင်ပွန်းသည်ကို ထောက်မ,၍ အိမ်မှုကိစ္စကို ကျကျနနစီမံလုပ်ကိုင်သဖြင့် ခင်ပွန်းသည်မှာ စိတ်အေးလက်အေးပင် အသင်းတော်ကိုထောက်မ,နိုင်သော သင်းထောက်ဖြစ်လာပါ၏။ ကျွန်တော်သတိထားမိသည်မှာ သူမသည် ခင်ပွန်းကိုအလွန်ချစ်၍ အမြဲကြည့်ကြည့်နေတတ်ပါသည်။ ခင်ပွန်းဘာလိုအပ်သည်ကိုချက်ခြင်းသိ၍ လုပ်ပေးပါသည်။ တစ်နေရာရာ သို့မသွားစေချင်။ အလွန်မှပင် မသွားမဖြစ်လျှင်လည်း မြန်မြန်ပြန်လာဖို့ သတိပေးသည်။ မစားသေးလျှင်စားဖို့ မအိပ်ရသေးလျှင် အိပ်ဖို့၊ ဂရုတစိုက်သတိပေးသဖြင့် ကိုကြည်ဦးလည်း မသက်သာ။ ဇနီးသည်၏ချစ်ခြင်းမေတ္တာနှင့် ဖုံးအုပ်ခြင်းခံရ၍ သူဘာလုပ်လုပ်၊ ဘယ်သွားသွား၊ အစဉ်ကြည့်နေသောဇနီးသည်ကြောင့်၊ ပျော်လည်းပျော်ရ စိတ်လည်းညစ်ရပါသတဲ့။ လောကမှာ သူများတွေက မိန်းမ,ရတာ၊ ခင်ဗျားက အိမ်ထောင်ကျတာ . . . ဟုပြောလျှင် သူက ဝန်ခံပါ၏။ ယောက်ျား(လင်)ရတာ၊ မိန်းမ(မယား)ရတာနှင့် အိမ်ထောင်ကျတာ အတူတူမဟုတ်ပါ။ အိမ်ထောင်ကျလျှင် အိမ်ထောင်ကိုတည်ထောင်ရသဖြင့် လုံလောက်သောချစ်ခြင်းမေတ္တာနှင့် တစ်ယောက်ကိုတစ်ယောက် အခိုင်အမာပတ်စည်းချည်နှောင်ရသည်လေ။ ရတာမဟုတ်။ ပေးတာလည်းမဟုတ်။ အတူတူပြုစုရန်ဖြစ်ပါသည်။

ယနေ့တွင် မညီသောထမ်းပိုးများစွာကို သားသမီးတို့ပင်ပန်းစွာ ထမ်းနေကြရပါသည်။ ရဖို့ကိုသာစဉ်းစားခဲ့၍ နောင်တွင် ထမ်းပိုးများမညီ၍ခံစားရပါ၏။ အိမ်ထောင်မကျမှာ မိဘများစိုးရိမ်စရာဖြစ်ပါ၏။ သားသမီးများအိမ်ထောင်ပြုနိုင်ဖို့ လိုအပ်သောအရာမှာ အပေး၊ အယူ၊ ရခြင်း၊ မရခြင်း မဟုတ်ပါ။ လုံလောက်သောချစ်ခြင်းနှင့် တစိမ့်စိမ့်ကြည့်ရှု ဂရုပြုနိုင်သော မေတ္တာကသာ ထမ်းပိုးများကိုညီစေမည့်အကြောင်းဖြစ်ပါ၏။

**နိုဝင်ဘာလ(၉)ရက်၊ ၂၀၀၇–ခုနှစ် (သောကြာနေ့)**

ထာဝရဘုရားသည် ငါ့ကို မ,စတော်မူသောကြောင့် ငါသည် အိပ်ပျော်ခြင်းအခွင့်နှင့် နိုးထခြင်းအခွင့် ရှိ၏။ (ဆာလံကျမ်း၊ ၃ း ၅)

---

## " ချစ်တော်မူသော ..."–

ဒေါင်းစပါးကွင်းရွာမှာအိပ်သောညက သင်းအုပ်ဆရာမက သူ့အိမ်အပေါ်ထပ်မှာ အိပ်စေပါ၏။ သူတို့ကတော့ အောက်ထပ်မှာအိပ်ပါသည်။ ခန်းမပုံစံအကျယ်ကြီးမှာ တစ်ယောက်တည်းအိပ်ရင်း လသာချက်ကလည်း အတော်လွမ်းစရာဖြစ်လေတော့၊ တော်တော်နှင့်အိပ်မပျော်။ သန်းခေါင်နားနီးမှ မှေးကနဲအိပ်ပျော်စဉ် 'အုန်း'ကနဲအသံကြား၍ ထကြည့်မိပါ၏။ ကျွန်တော့်ခြေရင်းမှာ ငွေပန်းတစ်ပွင့်ရှိနေပါ၏။ ငွေပန်း ဘယ်ကကျလာမှန်းမသိ၍ တစ်မျိုးကြီးဖြစ်သွားပါသည်။ နောက်တစ်နာရီကြာ၍ အိပ်ပျော်လုလုမှာ 'အုန်း'ကနဲကြားပြန်၏။ ထကြည့်တော့ ခုနကနေရာမှာပဲ 'သကြားလုံး'တစ်လုံးတွေ့ရပါလျှင် အပေါ်သို့မော့ကြည့်တော့ ဘာမှမရှိ။ ခေါင်မိုးသက်သက်ပဲမြင်ရသည်။ ဒုက္ခပဲ . . ဘယ်နှယ် အိမ်ပါလိမ့် . . . ။ တအုန်းအုန်းနဲ့ . . . သရဲများခြောက်သလား။ ကြောက်စိတ် ဝင်လာသဖြင့် စောင်ခေါင်းမြီးခြုံရာ ပူအိုက်ပေမယ့် စောင်မဖွင့်ရဲတော့ပါ။

ရုတ်တရက် . . . အောက်ထပ်မှာအိပ်သောဆရာမတို့ဇနီးမောင်နှံ စကားများသံ၊ ရိုက်နှက်သံ၊ ငိုသံများ ဆက်တိုက်ကြားရသောအခါ . . . အမယ်လေး၊ နေစရာမရှိတော့ပါ။ မနက်မိုးလင်းအောင် မျက်လုံးကြောင်တောင်နှင့် နေခဲ့ရပါ၏။ နံနက်ကျမှမေးကြည့်တော့ ညက သူ့ခင်ပွန်းအပြင်သွားလို့ ပြန်လာတာကိုပဲ ဇနီးသည်က သူခိုးထင်ပြီး ကြောက်ကြောက်နဲ့ ဆီးရိုက်တာတဲ့ဗျာ။ ပြီးတော့ . . . သူဖာသာပဲ ငိုသေးတယ်။ ခင်ပွန်းကလည်း အရိုက်ခံရပြီးမှ မိန်းမကိုချော့ရနဲ့ ဇာတ်ရှုပ်သွားတာကိုး။ အချက်မသိတော့ သားမက် သူခိုးထင်ပဲ ကြားဖူးပါ၏။ ဒေါင်းစပါးကွင်းရောက်မှပဲ . . . အပြင်ထွက်တာမသိလို့ ခင်ပွန်းကို သူခိုးထင်တာကြုံဖူးရပါပြီ။ ခေါင်မိုးပေါ်မှ တအုန်းအုန်းကျသံတွေကို မေးကြည့်တော့ တရားခံက ကြွက်တဲ့ခင်ဗျ။ အင်မတန်ကြီးမားသောကြွက်များ ပြေးလွှားဆော့ကစားရင်း ပြုတ်ကျတာတဲ့။ သူတို့ကတော့ ရိုးနေပြီပေါ့လေ။

တကယ်တော့ ကျွန်တော့်အပြစ်ဖြစ်ပါ၏။ ဧည့်သည်ဆိုတော့ ခရီးကလည်းပင်ပန်း၊ ဧည့်ခံကျွေးမွေးတာကိုလည်း ဝမ်းသာအားရစားပြီး၊ စကားလည်းများများပြောသဖြင့် အိပ်ယာထဲလှဲချတာနှင့် ဆုပင်မတောင်းနိုင်တော့ဘူးလေ။ တစ်နယ်တကျေး၊ ရပ်ဝေးမြေခြား ခရီးသွားလျှင် ဘုရားရှင်ကို သာ၍အားကိုးရမှာဖြစ်သော်လည်း ထိုညက ဆုမတောင်းမိခဲ့ပါ။ ထို့ကြောင့်လည်း တစ်ညတာလုံးမအိပ်ခဲ့ရတာဖြစ်ပါ၏။ ကိုယ်တော်ကိုမျက်မှောက်ပြုရန် အတွက် နေရာဒေသအကန့်မရှိပါ။ ဝေးသောအရပ်သို့ရောက်လျှင်၊ တတိုင်းတပြည်တဋ္ဌာန မှာဆိုလျှင် သာ၍ဆုတောင်းပတ္ထနာပြုကာ ကိုယ်တော့်ကို ဖက်ရမ်းအားကိုးရပါမည်။ ဆာလံဆရာက အိပ်ပျော်ရသောအခွင့်ကို ချစ်တော်မူသောသူအား အမှန်ပေးတော်မူ၏ . . . ဟု ဝန်ခံပါ၏။ (ဆာ၊ ၁၂၇း၂)

**နိုဝင်ဘာလ(၁၀)ရက်၊ ၂၀၀၇–ခုနှစ် (စနေနေ့)**

အို . . ဘုရားသခင်၊ ကိုယ်တော်ကိုကြိုးစား၍ ရှာပါ၏။ ဘုန်းတန်ခိုးအာနုဘော်ကိုမြင်ခြင်းငှါ၊ သန့်ရှင်းရာဌာနတော်၌ ထိုသို့ ကိုယ်တော်ကို ဖူးမျှော်ပါပြီ။
(ဆာလံကျမ်း၊ ၆၃း၁-၂)

---

# " မြင်ခြင်းငှါ ... "

ရယ်စရာတစ်ခုပြောပြချင်ပါရဲ့။ ရိုင်းများရိုင်းသွားရင် ခွင့်လွှတ်ပါ။ ဒါပေမယ့် တကယ့်အဖြစ်အပျက်ပါ . . . မိတ်ဆွေ။ တာချီလိတ်မြို့မှ ဆရာမခင်နှင်းသက်၏မိတ်ဆွေ လူပျိုကြီးအမှုတော်ဆောင်တစ်ယောက် အိမ်ထောင်ပြုချင်သဖြင့် ဆရာမက၊ မိန်းမတောင်းသွားရပါသတဲ့။ သတို့သမီးအိမ်ရောက်လျှင် ငူငူငိုင်ငိုင်ဆရာသည် ယောက္ခမ(အမျိုးသား)ကိုကြောက်လန့်၍နေပါ၏။ သမီးရှင်ကလည်း သားမက်လောင်းပုံစံကိုကြည့်ကာ စိတ်ထဲကသိပ်သဘောမကျ။ သို့သော် ဆရာမခင်နှင်းသက်ကိုအားနာ၍ . . .

'သမီးတောင်းတာကဟုတ်ပါပြီ။ ဘာနဲ့တင်တောင်းမှာတုန်း။ မင်းမှာဘာရှိသလဲ . . '

'ဘာမှမရှိပါဘူးဗျာ။ မိဘတွေအမွေထားခဲ့ပေးတဲ့ အိမ်တစ်လုံးပဲရှိပါတယ် . . . '

အိမ်တစ်လုံးနှင့်လာခဲ့တာဆိုတော့ ယောက္ခမက တော်တော်စိတ်ပျက်သွားပါပြီ။ ဒါကိုရိပ်မိသော သတို့သားလောင်းသည် ဒုက္ခပဲ . . . ၊ ဒုက္ခပဲ၊ ပေးစားမှာမဟုတ်ဘူးဟု တွေးနေမိသည်။ ယောက္ခမလောင်းက စကားမပြောဘဲ ဆရာမကိုလှည့်ကြည့်တော့ ဆရာမကပြုံးရင်း တိုက်တိုက်တွန်းတွန်းနားချရတာပေါ့။ ဟိုပုဂ္ဂိုလ်ကတော့ဘာမှမကြား၊ နားမဝင်။ သူ့ အနာဂတ်ကိုသာစိတ်ပူရင်း ဟိုတွေးဒီတွေးလုပ်နေရာမှ ရုတ်တရက် အဘိုးကြီးက . . .

'ဒါနဲ့ . . . မင်းဥစ္စာက တော်တော်ကြီးရဲ့လား'ဟု ကောက်ခါငင်ကာမေးလေ၏။ ဗျာကနဲအံ့သြသွားပြီးမှ မျက်နှာနီရဲသွားလျက် သတို့သားလောင်းသည် ထစ်ထစ်ငေါ့ငေါ့ဖြင့် . . . 'ဘာတွေမေးတာလဲဗျာ။ ရှက်စရာကြီး။ ကျွန်တော် . . . ကြီး . . . ကြီးတော့ကြီးပါတယ်'ဟု တလွဲဖြေလေ၏။ အဘိုးကြီးက အိမ်ကြီးရဲ့လားဟုမေးတာကို ဘယ်လိုအတွေးပေါက်သလဲမသိပါ။ မဟုတ်ကဟုတ်က အလန့်တကြား ထဖြေရာ အရယ်သန်သောဆရာမခင်နှင်းသက်က မထိန်းနိုင်တော့ဘဲ ဝါးလုံးကွဲရယ်ချမိလျှင် ပွဲလည်းပျက်၊ သတို့သားလောင်းလည်း ထွက်ပြေး၊ ယောက္ခမလည်း ဒေါသထွက်၍ကျန်ခဲ့ကာ . . . သမီးတောင်းပွဲပျက်ရလေ၏။

ဝတ်ပြုကိုးကွယ်သောအခါ . . စိတ်ကဟိုရောက်ဒီရောက်။ ဆုတောင်းသောအခါစိတ်ကတစ်နေရာမှာမရှိလျှင် မည်သို့မျှဘုရားရှင်ကိုမတွေ့နိုင်ပါ။ သေးငယ်သောမိသာစုဝတ်ပြုကိုးကွယ်ခြင်းစည်းဝေးပင်ဖြစ်သည်။ တစ်ဦးတည်းဆုတောင်းသည်ဖြစ်စေ။ စိတ်အာရုံကို တစ်နေရာတည်းမှာစုစည်းလျက် ဘုရားရှင်ကိုတွေ့အောင်ရှာ၊ ရအောင်ဖက်ယမ်းပြီးမှ ကိုးကွယ်ဖို့ ဆုတောင်းဖို့ လိုပါသည်။ တခဏကလေးပင်ဖြစ်စေ။ ဘုရားသခင်ကိုအာရုံပြုနိုင်လျှင် ကြီးစွာသောအကျိုးကို ရမည်ဖြစ်ပါသည်။

**နိုဝင်ဘာလ(၁၁)ရက်၊ ၂၀၀၇-ခုနှစ် (တနင်္ဂနွေနေ့)**

အာဟက်ကလည်း အချင်းရန်သူ၊ ငါနှင့်တွေ့ပြီလော . . . ဟု ဧလိယအားဆိုလျှင် ဧလိယက 'သင်သည်ထာဝရဘုရားရှေ့တော်၌ ဒုစရိုက်ကိုပြုလို၍ သင်နှင့်ငါတွေ့ပြီ'။ ဓမ္မရာဇဝင် တတိယစောင်၊ ၂၁း၂၀)

---

## " ဆုံတွေ့လေတိုင်းမှာ ..."-

အာဟပ်မင်းသည် ပရောဖက်ဧလိယနှင့်တွေ့လေတိုင်း စိတ်မချမ်းသာခဲ့ရပါ။ မကောင်းသောကြမ္မာကို ရင်ဆိုင်ရတာချည်းပဲဖြစ်နေပါ၏။ သူနန်းတက်၍ မကြာခင်မှာပင် ဧလိယသည် သူ့ကိုလာရောက်တွေ့ဆုံ၍ မိုးခေါင်စေမည့်သတင်းကို ကြားပြောခဲ့ရာ၊ တကယ်ပဲ . . သုံးနှစ်နှင့်ခြောက်လတိုင်တိုင် မိုးခေါင်ရေရှား၍ အငတ်ဘေးကို ကြုံတွေ့ခဲ့ရပါ၏။ ထို့နောက် . . ဗာလပရောဖက်များအစုံအလင်နှင့်ရှိနေသောသူ့ကို ထပ်မံတွေ့ဆုံပြန်သည်။ ထိုအကြိမ်၌ အာဟပ်မင်းကိုးကွယ်ဆည်းကပ်သော ဗာလပရောဖက် (၄၅၀ လုံးလုံး) အသက်ဆုံးရှုံးသွားခဲ့ရပြန်ပါ၏။ သို့ဖြစ်၍ အာဟက်မင်းအတွက်တော့ ဧလိယဆိုတာ ရန်သူတစ်ယောက်လိုပဲ သဘောထားသည်မှာ မဆန်းပါ။ သူ့တိုင်းပြည်၊ သူ့အာဏာစက်၊ သူ့ယုံကြည်မှုကို ထိပါးနှောက်ယှက်နေသူဖြစ်၍. . . သူနှင့်သူ့မိဘုရားယေဇဗေလ အတွက်တော့ ရန်သူစင်စစ်ဖြစ်ပါ၏။

တစ်နေ့တွင် ရန်သူသည် သူ့ရှေ့မှောက်သို့ရောက်လာပြန်၏။ နာဗုတ်၏ စပျစ်ဥယျာဉ်ကို မတရားသိမ်းပိုက်၍ ရွှင်လန်းအားရနေချိန်မှာ. . . ဧလိယကပေါ်ထွက်လာပြီး သူ့ကိုဆုံးမသွန်သင်ပါသည်။ အကြိမ်ကြိမ်ပင် ဧလိယကိုဆန့်ကျင်ခဲ့၊ မုန်းတီးခဲ့၊ နာကျင်ခဲ့သော်လည်း ယခုတစ်ကြိမ်မှာတော့ ရန်သူ့စကားကို သေချာစွာ ဆင်ခြင်မိပါသတဲ့။ အဖြစ်မှန်ကို သဘောပေါက်၍ မတရားသောအမှုကိုပြုမိကြောင်း နှလုံးသွင်းမိလျှင်၊ ဘုရားသခင်၏ရှေ့တော်၌ ဝန်ချခြင်းကိုပြုလေ၏။ ထိုအခါ . . . သူ့အသက်တာ၌ ဘုရားသခင်၏ ဂရုဏာတော်ကို မြင်တွေ့ခဲ့ရလေသည်။ ဤအချိန်၌ ဧလိယသည် အာဟပ်မင်းဟု ရန်သူ မဟုတ်ကြောင်း ခံစားမိပါသည်။

စင်စစ် . . . ဧလိယသာမဟုတ်။ နန်းတော်အုပ်ဩဗဒိနှင့် မြေတွင်းထဲမှ ပရောဖက် (၁၀၀)၊ အာဟက်ကိုလမ်းလွှဲစေသော မိဘုရား ယေဇဗေလနှင့် ဗာလပရောဖက်များ သူတို့အားလုံးသည် အာဟပ်၏ရန်သူမဟုတ်ပါ။ တကယ့်ရန်သူကတော့ သူ့စိတ်နှလုံးထဲမှာရှိသော မကောင်းသည့်အကြံအစည်များသာဖြစ်ပါ၏။ သူ၏စိတ်နှလုံးအကြံအစည်များကို ပြုပြင်သောခဏအတွင်းတွင်ပင် ဘုရားသခင်၏ဂရုဏာတော်ကို မြင်တွေ့ခဲ့ရကြောင်း၊ ဘုရားသခင်ကောင်းကြီးပေးကြောင်း(၃ ရာ၊ ၂၁း၂၉)သမ္မာကျမ်းစာ၌ ဖော်ပြပါသည်။ ယုံကြည်သူများသည် မိမိ၏နှလုံးသားအတွင်းမှရန်သူအစစ်ကို နေရာမပေးဖို့လိုအပ်ပါသည်။ မကောင်းသောအကြံအစည်ကိုထုတ်ပယ်သောအခါ . . .၊ ဘုရားရှင်၏ဂရုဏာကိုခံရ၍ ကောင်းကြီးမင်္ဂလာကို အာဟပ်မင်းနည်းတူမျှော်လင့်နိုင်ပါသည်။

**(Ref: မီးဇာ Fbts လှိုင်သာယာ )**

**နိုဝင်ဘာလ(၁၂)ရက်၊ ၂၀၀၇–ခုနှစ်  (တနင်္လာနေ့)**

ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာပြုခြင်းငှါ တတ်နိုင်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်အားဖြင့် ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသည်။ (ဧဖက်သြဝါဒစာ၊ ၃း၂၀)

---

## “ ကြံစည်သမျှထက် ...”

ဟသ်ာတမြို့သို့ စာပေဟောပြောပွဲသွားရမည်ဆိုတော့ အလွန်ပျော်နေခဲ့ပါသည်။ မရောက်တာလည်းကြာ၊ ဟသ်ာတမှာ တစ်ခါတုံးက တက္ကသိုလ်မှာခင်မင်ဖူးသည့် သူငယ်ချင်းများကိုလည်း တွေ့ချင်နေခဲ့သည်။ တကယ်တန်းရောက်သွားတော့ သူငယ်ချင်းတွေက မရှိတော့။ တခြားဒေသသို့ပြောင်းရွှေ့သွားသူ၊ ကောင်းကင်နိုင်ငံပြန်သွားသူ စသည်ဖြင့် မတွေ့ရလျှင် ဟသ်ာတခရီးမှာ လွမ်းစရာဖြစ်သွားပါသည်။ ခရီးစဉ်၌လိုက်ပါလာသော ဆရာမောင်နွယ်မြင့်က ရယ်စရာမောစရာနှင့်သက်သေခံသဖြင့်သာ ဖြေသာရပါ၏။ သူက ဆရာရေ စိတ်မပျက်နဲ့။ ခင်ဗျားမိတ်ဆွေဟောင်းတွေ သေကုန်ပေမယ့် မိတ်ဆွေသစ်တော့ တွေ့ရမှာပါ။ ဘုရားသခင်ပြင်ဆင်မှာပါ။ ဘုရားသခင် မတတ်နိုင်တာ ဘာမှမရှိဘူးဟု ပြောရင်း ဆက်ကာ သက်သေခံလေ၏။

ဓမ္မဆရာဖြစ်၍ အပိုကြီးတစ်ယောက်က တိတ်တိတ်ကလေး အကူအညီတောင်းကာ ဆုတောင်းပေးဖို့ မေတ္တာရပ်ခံခဲ့ဖူးပါသတဲ့။ အရွယ်ရသော်လည်း ခေါနေသောသွားကြောင့် မျက်နှာမျက်ဝန်းအချိုးမကျသူမိန်းကလေးသည် ကြင်ဖော်ကိုလည်း မရနိုင်။ သူများလို လက်တွဲဖော်ရဖို့ရန် သွားခေါခေါက ပြဿနာဖြစ်၍ ဤသွားများကိုပြုပြင်ဖို့က ငွေမရှိ ဖြစ်နေပါ၏။ ဆရာခမျာ သူများစိတ်ကျေနပ်အောင် ဆုတောင်းပေးလိုက်ပေမယ့် မဖြစ်နိုင်မှန်း သိတာပေါ့။ ဒီခေါနေသောသက်တမ်းအိုသွားများ ဘယ်လိုပြန်ဝင်သွားမှာလဲ။ အမျိုးသမီးကတော့ ယုံကြည်လျက် ပြန်သွားပါ၏။ ဆရာကတော့ မမျှော်လင့်ပါ။ သို့သော် နောက်တစ်နေ့မှာ ရေချိုးခန်းထဲခြေချော်လဲသဖြင့် ပါးစပ်နှင့်သံမံတလင်း ခတ်ပြင်းပြင်းထိသွား၍ ခေါနေသောသွားများ အကုန်ကျွတ်ထွက်သောမိန်းကလေးသည် နှစ်ပတ်အကြာတွင် မဖြစ်မနေ သွားတုတပ်လိုက်ရပါသတဲ့။ ဆရာ့ထံ တဖန်ပြန်ရောက်လာကာ ကျေးဇူးပဲဆရာ၊ ဆရာဆုတောင်းပေးတာကြောင့် အခု . . ကျွန်မသွားအဆင်ပြေသွားပြီ . . ဟု ဆိုလာလျှင် ဆရာ့ခမျာ အံ့သြလွန်း၍ ငုတ်တုတ်ကြီး ဖြစ်သွားဖူးပါသတဲ့။ ဘုရားသခင်တတ်နိုင်တယ်။ သူ့မှာ နည်းလမ်းတွေ အများကြီးမှ အများကြီးဗျ . . .  ဟုပြောပြလျှင် ရွှင်လန်းစွာ ရယ်မောမိပါ၏။

ဆုတောင်းခြင်းသည် အကျိုးမဲ့မဟုတ်ပါ။ ဆုတောင်း၍မရနိုင်ဟု မိမိဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်၍ ဆုတောင်းလို့မထူးပါဘူးဟု ရှုံးမိုက်စွာ မတွေးသင့်ပါ။ ဘုရားရှင်ပေးထားသော ဦးနှောက်သည် ငါးဆယ်အောင်စပင် မရှိပါ။ စကြာဝဠာ၌ ပြဿနာအမျိုးမျိုးကို ဖြေရှင်းနိုင်သည့် နည်းလမ်းများစွာ ဘုရားသခင်၌ ရှိပါ၏။

**နိုဝင်ဘာလ(၁၃)ရက်၊ ၂၀၀၇-ခုနှစ် (အင်္ဂါနေ့)**

သနားခြင်းဂရုဏာကိုလည်းကောင်း၊ တော်လျော်သောမ,စခြင်းကျေးဇူးတော်ကို ခံရမည် အကြောင်း၊ ရဲရင့်သောစိတ်နှင့်ကျေးဇူးတော်ပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့။ (ဟေဗြဲဩဝါဒစာ၊ ၄း၁၆)

---

## " ကျေးဇူးတော်ပလ္လင်သို့ ..."

ဆက်လက်၍ ယနေ့ညများမှာလည်း ဆုတောင်းခြင်းနှင့်စပ်ဆိုင်သော သက်သေခံချက် တစ်ပုဒ်ကိုပဲ ဖော်ပြပါရစေ။ အလွန်ဆင်းရဲသောမုဆိုးမတစ်ဦးသည် အကြော်ရောင်းလျက် အသက်မွေးရပါသည်။ သူများလို လုပသောလင်ဗန်းနှင့်ထည့်မရောင်းပဲ၊ ကွယ်လွန် သွား သည့်ခင်ပွန်းသည်ထားရစ်ခဲ့သည့် ဒယ်အိုးအဟောင်းထဲမှာ ခင်းကျင်း၍ ရောင်းရပါသည်။ အနီးအနားမှာလည်း အခြားအကြော်ရောင်းသူများလည်းရှိသဖြင့် ကုန်ရန်ခက်ခဲနေစဉ် လမ်းလျှောက်လာသော သင်းအုပ်ကိုတွေ့လျှင် ဝမ်းသာအားရဖြင့် . . .

"ဆရာနွယ် . . . ကျွန်မကို အခု ဆုတောင်းပေးပါ . . . "

"ဘာဆုတောင်းရမလဲ . . . ။ နင့်ကလည်း လမ်းပေါ်မှာ . . . "

လမ်းပေါ်မှာပဲတောင်းပေးပါ။ သူတို့အားလုံး သေအောင်ပေါ့။ ဒါမှ ပြိုင်ဖက်မရှိ အကြော် ရောင်းရမှာဟု ပွင့်လင်းစွာပြောလျှင် ဆရာ့ခမျာ 'မဟုတ်သေးပါဘူး၊ အဲဒီလိုမတောင်းရဘူး၊ နင့်အကြော်ရောင်းရအောင်ဆို ဟုတ်သေး'ဟု ပြန်ရှင်းပြရသတဲ့။ သူမကလည်း ဒါဆိုလည်း မြန်မြန်ဆုတောင်းပေးပါ။ ကျွန်မ ဒီနေ့ည အကြွေးဆပ်ရမှာ။ ဒီအကြော်မကုန်ရင် ပြဿနာပဲ ဟု ပြောသဖြင့် ဆရာလည်းမတတ်နိုင်။ လမ်းဘေးကပ်၍ အကြော်ရောင်းရဖို့ နှစ်ဦးသား ဆုတောင်းရပါ၏။ ထိုနေ့လွန်မြောက်၍ နောက်တစ်နေ့နံနက်စောစောတွင် အကြော်သည် သည် အိမ်တံခါးကို အပြင်းခေါက်ကာ ဆရာကို နိူးလေသည်။

ဘာကိစ္စလည်းဟုဆရာကမေးသော် သူမက ကျေးဇူးတင်လွန်း၍ ဆယ်ဖို့တစ်ဖို့လာ ပေးတာဟု ဆိုပါသည်။ ဆရာဆုတောင်းပေးသဖြင့် အကြော်ဆိုင်သို့ တရုတ်တစ်ယောက် ရောက်လာကာ အကြော်ကိုသာမက အကြော်ဗန်း(ဒယ်အိုးဟောင်း)ကို ဝယ်သွားသတဲ့။ တရုတ်ကြီးက ထိုရှားပါးသောအိုးဟောင်းကို လိုက်ရှာနေသော ရှေးဟောင်းသုတေသန သမားဖြစ်၍ အဖိုးငွေ လေးသိန်းတောင် ပေးသွားသတဲ့လေ။ မမျှော်လင့်ဘဲ. . . သူမ ဝမ်းသာအားရဖြစ်ပြီး ဆုတောင်းခြင်းတန်ခိုးကို မျက်ဝါးထင်ထင်လက်ခံခဲ့ရပါ၏။ ဆုတောင်း သဖြင့် အကြော်သာမဟုတ်၊ အကြော်ဗန်းပါ ကုန်သွားခဲ့ရသောအကြောင်းကို အားပါးတရ သက်သေခံခဲ့ပါသည်။ မည်သူမျှမမျှော်လင့်သောအရာကို ဆုတောင်းခြင်းအဖြေတစ်ခုအဖြစ် အံ့ဩစရာမြင်တွေ့ရပါလိမ့်မည်။ ဆုတောင်းခြင်းကိုပြုသောအခါ အားမလျော့ဘဲ စိတ်အား ကြီးလျက်၊ ယုံကြည်လျက်၊ မျှော်လင့်လျက် . . . ရဲရင့်သောစိတ်နှင့် ကျေးဇူးတော်ပလ္လင်သို့ တိုးဝင်ချဉ်းကပ်ရန် သမ္မာကျမ်းစာက သွန်သင်ခဲ့ပါသည်။

**နိုဝင်ဘာလ(၁၄)ရက်၊ ၂၀၀၇–ခုနှစ် (ဗုဒ္ဓဟူးနေ့)**

အတွင်းအင်္ကျီတော်ကား မချုပ်ဘဲလျက်၊ အထက်စွန်းမှသည်အောက်စွန်းတိုင်အောင် ရက်သောအင်္ကျီဖြစ်သောကြောင့် ထိုသူတို့က အင်္ကျီကိုမဆုတ်ကြနှင့်။ အဘယ်သူ ယူရမည်ကို စာရေးတံ ချကုန်အံ့။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ ၁၉း၂၃)

---

## " စာရေးတံချသူ ..."–

တခါတုံးက ကရာနီကုန်းပေါ်မှာ လောင်းကစားပွဲတစ်ခုဖြစ်ခဲ့ပါသည်။ ဝတ်ရုံတစ်ထည်အတွက် စစ်သားလေးဦးသည် လောင်းကစားပြုလုပ်ခဲ့ပါ၏။ ရောမစစ်သားများသည်ကားတိုင်တင်၍သတ်ခံရသောသူ၏ ပစ္စည်းကို ခွဲဝေယူပိုင်ခွင့်ရှိပါသည်။ စင်စစ် ဂျူးအမျိုးသားများသည် ကိုယ်ပေါ်တွင် ပစ္စည်း(၅)မျိုးကို ဝတ်ဆင်လေ့ရှိပါသည်။ ဖိနပ်၊ ဦးပေါင်း၊ ပါးစည်းအဝတ်၊ အတွင်းအင်္ကျီရှည်၊ အပေါ်ဝတ်ရုံတို့ ဖြစ်ပါသည်။ ထိုပစ္စည်းငါးမျိုးကို စစ်သားလေးဦးသည် ဖဲချ၍ ခွဲဝေယူရာ တစ်ယောက်တစ်မျိုးစီ ရခဲ့ပါပြီ။ နောက်ဆုံးတွင် အတွင်းအင်္ကျီရှည်တစ်ထည် ကျန်ရစ်နေပါ၏။ ထိုအင်္ကျီမျိုးသည် အထက်စွန်းမှ အောက်စွန်းတိုင်အောင် အချုပ်လွတ် တဆက်တည်း ရက်လုပ်ထားခြင်းဖြစ်ပါသည်။ အကယ်၍ ထိုအင်္ကျီကို လေးပိုင်း ပိုင်းလိုက်ပါက အဝတ်စသည် အသုံးမဝင်တော့ပါ။ ထို့ကြောင့် စစ်သားများသည် အင်္ကျီအတွက် လောင်းကစားရပြန်၏။

စတူးဒတ်ကနေဒီ(Studert Kennedy)အမည်ရှိ ကဗျာဆရာတစ်ယောက်က ထိုရှုခင်းကို အာရုံခံစား၍ ကဗျာတစ်ပုဒ်ရေးခဲ့ရာ စာပေသမိုင်း၌ ထင်ရှားလှပါ၏။

စစ်သားများ၊ ကိုယ်တော့်အား ထိုင်စောင့်၍ လောင်းကစား၊
ထိုအခါများ၌၊ ကိုယ်တော်သည် အသက်ကို ပူဇော်နေပြီ။
ကမ္ဘာမြေကြီးကို အပြစ်မှသန့်စင်ဖို့ ဆေးကြောရင်း ခံစား၊
သေခြင်းကိုရင်ဆိုင်၊ ကိုယ်တော်သည် လောင်းကစားသမား။
လောကကိုကယ်တင်ရန် ရင်းနှီးမြုပ်နှံခဲ့သော သူ့အသက်၊
အနောက်ဘက်မှာ နေမကွယ်မီ ဝေဒနာအဆုံးသတ်ခဲ့။
နီရဲသောသရဖူကိုဆောင်းရင်း ကိုယ်တော်သည်၊
လောင်းကစားပွဲမှာ ထာဝရအနိုင်ရခဲ့ပါပြီ . . . ။ ။

စင်စစ် . . . သခင်ယေရှုသည်လည်း အသက်ခန္ဓာကို ကားတိုင်ထက်မှာ လောင်းကြေးထပ်ရင်း မာန်နတ်ကို စိန်ခေါ်ခဲ့ပါ၏။ ဤအကြောင်းကို ဆင်ခြင်သောအခါ ကျွန်တော်တို့ ကယ်တင်ခြင်းရဖို့ရန် ယေရှုသခင်သည် စွန့်စားမှုတစ်ခု ပြုခဲ့ကြောင်း နားလည်နိုင်ပါသည်။ သူ့ယုံကြည်ဖို့ရန်၊ လက်ခံဖို့ရန်၊ အသက်နှင့်ရင်းနှီးမြုပ်နှံခြင်းတစ်ခုအတွက် . . . ယနေ့ ကိုယ်တော်အနိုင်ရဖို့ သူ့ဘက်မှာနေ၍ ယုံကြည်ပေးဖို့ရန် အလွန်အရေးကြီးပါသည် မိတ်ဆွေ။

**နိုဝင်ဘာလ(၁၅)ရက်၊ ၂၀၀၇–ခုနှစ် (ကြာသပတေးနေ့)**

သင်တို့သည် ယခုပင်ပြုသည့်နည်းတူ အချင်းချင်းတိုက်တွန်း၍ တစ်ယောက်ကိုတစ်ယောက် တည်ဆောက်ကြလော့။ (သက်သာလောနိတ်ဩဝါဒစာ ၅း၁၁)

---

## “ တည်ဆောက်စရာ ...”–

ခရစ်ယာန်စာပေအသင်း၏ (၁၄၅)နှစ်မြောက် ကျေးဇူးတော်ချီးမွမ်းပွဲမှာ ဆရာပီတာအေး(စာရေးဆရာပြည်ငြိမ်းအေး)ကို တွေ့ခဲ့ရပါသည်။ ယခုနှစ်အတွင်း ခရစ်ယာန်စာရေးသူများ၏ ယာယီတဲများ တဖြုတ်ဖြုတ်ပြိုပျက်ကာ ဝိညာဉ်များလည်း သခင်ထံသို့ ပြန်နေစဉ် ဆရာ့ကိုတွေ့သဖြင့် ဝမ်းသာကြောင်းပြောရာ သူက . . .

အမြင်တော့ ကောင်းတာပေါ့ဗျာ။ အထဲကတော့ တစ်ခုမှမကောင်းတော့ဘူးဟု ပြောပြပါ၏။ ဒူးနာ၊ ခါးနာသည်တဲ့။ အစာအိမ်မကောင်း၍ အူလမ်းကြောင်းမှာလည်း ပြဿနာရှိသတဲ့။ ခွန်အားလည်းလျော့ပါး၍ နှလုံးရောဂါလည်း ရှိသေးသည်။ သွေးတိုးရောဂါ၊ ဆီးချိုလည်း ခံစားနေရ၏။ နောက်ဆုံး ဦးနှောက်တောင်ရောင်နေ၍ အသည်းကလည်း ခြောက်တောက်တောက်၊ အဆုတ်ကပုံမှန်မဟုတ်ဘူး . . ဟု ညည်းညူလျှင် နောက်တာများလားဟု မေးမိပါ၏။ သူက . . . တကယ်ဗျ။ ဘယ့်နှယ့် ဘယ်လိုရောဂါတွေ စုပြုံဝင်လာနေသလဲ မသိပါဘူးဗျာဟု ဖြေပါ၏။ ကျွန်တော်က သူ့ဇနီးကို ကိုယ်ချင်းစာ၍ ခင်ဗျားမိန်းမတော့ ဒုက္ခပဲပေါ့ဗျာ။ ရောဂါတစ်မျိုးပြီးတစ်မျိုးဖောက်နေတာ စိတ်ပျက်မှာပဲ။ ဝင်ငွေလည်းကောင်းတာမဟုတ်။ ရောဂါသည်ကြီးကို ပြုစုရတာများတော့ ပစ်ချင်မှာပဲ။ ခင်ဗျား လိမ်လိမ်မာမာနေ . . . ဟု ဝေဖန်လျှင် သူက ဝါကြွားလျက်. . . ဟာ၊ ကိုဆိုး ခင်ဗျားမှားသွားပြီ။ ကျုပ်တစ်ကိုယ်လုံး မကောင်းပေမယ့်၊ ကောင်းတဲ့တစ်နေရာတော့ ရှိသေးတယ်။ အဲဒါကြောင့် ကျုပ်မိန်းမကမပစ်နိုင်ဘူးဖြစ်နေတယ် ဟုပြောလျှင် အံ့ဩမိပါ၏။ ကျုပ်က ဘုရားသခင်ရဲ့အလုပ် လုပ်နေသေးတယ်လေ။ အဲဒီကောင်းကွက်ကလေး တစ်ခုကပဲ ကျုပ်ကို ကယ်နေတာ။ ကိုယ်ခန္ဓာဘယ်လောက်ပျက်ပျက်၊ ဝိဉာဏမပျက်သေးတော့ မိန်းမ,က လေးစားဂုဏ်ယူပြီး ပြုစုရတာကိုပဲ ကျေနပ်နေသတဲ့ . . . ။ သူမကိုယ်တိုင်ပြောတာ . . . ဟု ရှင်းပြပါ၏။

အင်မတန်တော်သော ပြည်ငြိမ်းအေး၏ဇနီးသည်ကို ချီးမွမ်းမိပါ၏။ ခင်ပွန်းသည်ခမျာ ရုပ်ခန္ဓာပျက်ယွင်းသော်လည်း၊ လောကအရာ ဆင်းရဲသော်လည်း အပြစ်မတင်ခဲ့ပါ။ နိုင်ငံတော်အတွက် အားခဲလျက် ၏ဆက်ကပ်နေခြင်းကို ဂုဏ်ယူနိုင်သော ‘ကောင်းကွက်’က အားလုံးကို ဖုံးလွှမ်းသွားပါသည်။ ကျွန်တော်တို့၏မိသားစုတွင် အားနည်းပျက်ယွင်းသူရှိကောင်းရှိနိုင်ပါ၏။ သို့သော် သူတို့ထံမှာ ကောင်းကွက်ကလေး ‘တစ်ခု’တော့ ရှိဦးမှာပါ။ ရှာဖွေသိမှတ်၍ ဖော်ပြချီးမွမ်းလျှင် အားနည်းခြင်းများကို ဖုံးလွှမ်းလျက်၊ ခက်ခဲမှုများကို ကျော်လွှန်နိုင်သောခွန်အားကို ပေးသည်နှင့် တူပါ၏။ မေတ္တာမူကား တည်ဆောက်တည်၏။ (၁ကော၊ ၈း၁)

**နိုဝင်ဘာလ(၁၆)ရက်၊ ၂၀၀၇–ခုနှစ် (သောကြာနေ့)**

လူမည်သည်ကား ခရစ်တော်၌ရှိလျှင်. . အသစ်ပြုပြင်သောသတ္တဝါ ဖြစ်၏။ ဟောင်းသော အရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသောအရာတို့သည် ဖြစ်ကြပြီ။
(ကောရိန္သုဩဝါဒစာဒုတိယစောင်၊ ၅း၁၇)

---

# " အသစ် ..."

လွန်ခဲ့သောနှစ်တုံးက တာချီလိတ်မြို့သို့ရောက်စဉ် သင်းအုပ်မရှိသော အသင်းတော်တစ်ပါးကိုတွေ့ခဲ့ရပါသည်။ သင်းအုပ်ဆရာအိမ်ပြန်ပြီဖြစ်၍ လက်ထောက်သင်းအုပ်သာရှိသည်။ ထိုလက်ထောက်သင်းအုပ်ကို သင်းအုပ်အရာမထားလိုသောကြောင့် အသစ်သောသင်းအုပ်ကိုရှာသော်လည်း မတွေ့နိုင်သေး။ သိုးထိန်းကြီးတစ်ပါးကို သိုးတို့ ရှာဖွေနေဆဲရှိပါ၏။ လွန်ခဲ့သောလတုံးက၊ ဟသ်ာတမြို့သို့ရောက်ပြန်တော့ သင်းအုပ်မရှိသော အသင်းတော်ကြီးတစ်ပါးကို တွေ့ရပြန်သည်။ သင်းအုပ်ဆရာအိမ်မပြန်သေးသော်လည်း သင်းအုပ်အရာ၌ထားဖို့ရန် မည်သို့အကြောင်းရှိသည်ကိုတော့ မသိခဲ့ပါ။ သူတို့လည်း လေးနှစ်မျှကြာအောင် သိုးထိန်းကြီးအသစ်တစ်ပါးကို သိုးများရှာဖွေနေရပါ၏။ အသစ်သော သိုးထိန်းကို ရှာဖွေနေကြသောအသင်းတော်သည် စင်စစ် . . . ယခုမှသာမဟုတ်ပါ။ သာသနာ့သမိုင်းတစ်လျှောက် အဖန်ဖန်ရှိခဲ့သောအကြောင်းဖြစ်ပါသည်။

ဆရာမူဒီးသက်သေခံဖူးသောအကြောင်းမှာ ချီကာဂိုမြို့၌ သင်းအုပ်လုပ်နေစဉ် သင်းဝင်သူများသည် ပင်ပန်းဆင်းရဲလျက်ရှိကြပါ၏။ လုပ်ငန်းဆောင်တာမပြေလည်၊ ဝင်ငွေနည်းပါး၍ ခဲယဉ်းခြင်းအမျိုးမျိုးရှိရာ၊ ဥပုသ်နေ့မှာလည်း တရားဓမ္မ၌ မမွေ့လျော်နိုင်။ ဘုရားရှိခိုးသော်လည်းစိတ်မဝင်စားသည်ကိုသိလျှင် . . ငါတို့၌ သင်းအုပ်အသစ်တစ်ပါး လိုအပ်လာပြီဟု ဆင်ခြင်မိ၍ ကြေငြာခဲ့ပါ၏။ လူအပေါင်းတို့သည်လည်း အံ့ဩလျက် ဝမ်းသာပါသည်။ ထို့နောက် . . . တစ်ပတ်လုံးလုံး ဆရာသည် မျက်ရည်ကျလျက် ကြေကွဲစွာဖြင့် သင်းဝင်သူများအတွက် ဆုတောင်းပေးပါ၏။ ဥပုသ်နေ့ရောက်လျှင် ပလ္လင်ပေါ်၌ တရားဟောသူကား အခြားမဟုတ်။ ဆရာမူးဒီသာဖြစ်သော်လည်း ယခင်ဆရာမူးဒီမဟုတ်။ အသစ်သောဆရာမူးဒီဖြစ်နေသလိုပါပဲ။ အသင်းသားကိုချစ်၍ ဆုတောင်းပေးသဖြင့် . . သူတို့၏လောကအလုပ်၌ အောင်မြင်ခြင်းရလာသလို၊ ဆက်ကပ်ဆုတောင်း၍ တရားဟောသဖြင့် ဒေသနာ၌တန်ခိုးပါ၍ ကြားနာရသူခွန်အားဖြစ်လျှင် . . . သင်းဝင်သူများက ငါတို့ 'ဆရာအသစ်' ရပြီဟု . . . ဝမ်းမြောက်စွာပြောဆိုသတဲ့။

အသစ်ကို ကျွန်တော်တို့လိုချင်ပါသည်။ အသစ်ဖြစ်ဖို့ရန်လည်း အခွင့်ရှိပါ၏။ သို့သော် အသစ်ဖြစ်ခွင့်ကို ခရစ်တော်အားဖြင့်သာရနိုင်ပါသည်။ ခရစ်တော်၌တည်နေကြဖို့ အရေးကြီးပါ၏။ ဆရာဖြစ်စေ၊ ဒကာဖြစ်စေ၊ မိဘဖြစ်စေ၊ သားသမီးဖြစ်စေ . . . ခရစ်တော်၌ရှိလျှင် အမြဲသစ်လွင်၍ လိုချင်စရာဖြစ်နိုင်သောအကြောင်းပါ။

နိုဝင်ဘာလ(၁၇)ရက်၊ ၂၀၀၇-ခုနှစ် (စနေနေ့)

ငါတို့တံခါးနားမှာ ချိုသောအသီးမျိုးအသစ်အဟောင်းတို့ကို ကိုယ်တော်ဘို့ ကျွန်မသိုထားပါပြီ။ ငါချစ်ရာသခင် . . . ။ (ရှောလမုန်သီချင်း၊ ၇း၁၃)

## " အဟောင်း ..."

ဝိညာဉ်ရိပ်သာစာစောင်နှစ်(၅၀)ပြည့်ကျေးဇူးတော်ချီးမွမ်းခြင်းပွဲကို မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ရုံးတွင်ပြုလုပ်ရာ စာရေးသူများ၊ စာဖတ်သူများဖြင့် စည်ကားခဲ့ပြီး ကျွန်တော်လည်းပါဝင်ခဲ့ရာ မမျှော်လင့်ဘဲ ဦးခင်မောင်သန်းနှင့်တွေ့ဆုံခဲ့ရပါသည်။ ညစဉ်ခွန်အားစာစောင်အတွက် မိမိ၏ဆယ်ဖို့တစ်ဖို့ကိုပေးလှူသော သက်ကြွယ်သူ ဦးခင်မောင်သန်းသည် (၄)ထပ်မြင့်သောကျေးဇူးတော်ချီးမွမ်းသောနေရာသို့ ပင်ပန်းစွာတက်ခဲ့ပါ၏။ သူတစ်ယောက်တည်းလည်းမဟုတ်။ သူ၏ဇနီးလည်းပါ၏။ အသက်ရှစ်ဆယ်နားနီးသော်လည်း လှပ၍ ချစ်ဖွယ်ကောင်းနေဆဲ ပိန်ပိန်ပါးပါးဇနီးသည်ကို ဦးခင်မောင်သန်းသည် ဖေးမတွဲခေါ်၍ တက်လာခဲ့ပါသည်။ သူသည်လည်း အသက်ရှစ်ဆယ်အနားဝန်းကျင်မှာပါ။ သို့သော် . . . နှစ်ဦးစလုံးသည် ဇရာအကြောင်းကိုမအောက်မေ့ဘဲ၊ သာသနာကိုချစ်၍ အတူတွဲကာတက်ရောက်ခြင်း၊ သက်ဆင်းခြင်းဖြင့် ထိုနေ့က '၄ ထပ်'အဆောက်အဦသည် အသက်ရှစ်ဆယ်ဝန်းကျင်ဇနီးမောင်နှံကို အရှုံးပေးခဲ့ရပါသည်။

တကယ်တော့ . . . ဇနီးမောင်နှံအဟောင်းများပါပဲ။ နှစ်ပေါင်းငါးဆယ်မျှ လောကကို အတူရင်ဆိုင်၍ ဟောင်းသောစုံတွဲကလေးပါ။ ရွှင်လန်းတက်ကြွသောစုံတွဲအသစ်ကို မင်္ဂလာဆောင်များ၌ တွေ့ဖူးပါသည်။ တကယ်ပဲသူတို့နည်းအတူရင်ခုန်၍ ပျော်ရွှင်ခဲ့မိပါ၏။ ယခုတော့ . . ကြင်နာဖေးမလျက် ဂရုပြုသောစုံတွဲအဟောင်းကို မြန်မာ့တမန်မဂ္ဂဇင်းတိုက်မှာ တွေ့ခဲ့ရလျှင် . . . တကယ်ပဲချစ်ခြင်းမေတ္တာ၏အေးမြခြင်းကို ခံစားရပါ၏။ တစ်ခါကသစ်လွင်သောချစ်ခြင်းမေတ္တာသည် ကျွန်တော်တို့ကို ရင်ခုန်ကြည်နူးစေသလိုပဲ၊ ဟောင်းနွမ်းသောချစ်ခြင်းမေတ္တာသည်လည်း သာယာငြိမ်းချမ်း၍ အေးမြမှုကိုပေးခဲ့ပါသည်။ စုံတွဲသစ်များကိုမြင်လျှင် အားကျ၍ လက်ခုပ်တီးပေးသလို စုံတွဲအဟောင်းကိုတွေ့လျှင် အားရ၍ လက်ခုပ်တီးပေးဖို့ ကောင်းပါသည်ဟု အောက်မေ့ကာ ဘုရားသခင်ကို ကျေးဇူးတင်မိပါသည်။

ဘုရားရှင်သည် အသစ်သောအရာ၊ ဟောင်းသောအရာအားလုံးကို ဖန်ဆင်းပါသည်။ ကျွန်တော်တို့၌ရှိသောအရာအသစ်ဖြစ်စေ၊ အဟောင်းဖြစ်စေ၊ မကောင်းတာမဟုတ်။ ဘုရားရှင်ပေးခဲ့တာချည်းသာဖြစ်၍ ဟောင်းသွားလို့မကောင်းတော့ဘူးဟု မယူဆပါနှင့်။ ဘုရားရှင်သည် ကျွန်တော်တို့အတွက် အသစ်ကိုသာမက အဟောင်းကိုလည်း သိုထားလျက်ရှိကြောင်းကို ရှောလမုန်ဘုရင်နည်းတူ ချီးမွမ်းရပါမည်။

နိုဝင်ဘာလ(၁၈)ရက်၊ ၂၀၀၇–ခုနှစ် (တနင်္ဂနွေနေ့)

ကိုယ်တော်ကို အားပြုသောသူတို့သည် မင်္ဂလာရှိပါ၏။ ထိုသို့သောသူတို့သည် လမ်းခရီးတော်ကို နှလုံးသွင်းတတ်ကြပါ၏။ (ဆာလံကျမ်း၊ ၈၄း၅)

## " အနိုင် ..."

အသက်(၆၈)နှစ်ရှိပြီဖြစ်သော ဦးလောရင့်သည် တစ်ခါတုံးက သင်္ဘောသား ဖြစ်ခဲ့ပါသည်။ ကမ္ဘာပေါ်ရှိ ပင်လယ်သမုဒ္ဒရာများစွာကို သင်္ဘောစီးလျက် ဖြတ်သန်းခဲ့သူပါ။ ပင်လယ်နှင့်စပ်ဆိုင်သောအတွေ့အကြုံလည်း များစွာရှိခဲ့ပါသည်။ ခရစ်ယာန်စာပေအသင်း (၁၄၅)နှစ်မြောက်ပွဲမှာ တွေ့လျှင် သူက ထ၍သက်သေခံပါသည်။ တစ်နေ့သ၌ ပင်လယ်ပြင်၌ မုန်တိုင်းကြီးကြီးတစ်ခုကို ရင်ဆိုင်ရလျှင် သင်္ဘောသားအများသည် အသက်ကယ်အင်္ကျီကို အပြေးအလွှားယူငင်ဝတ်ဆင်ကြပါသတဲ့။ သင်္ဘောပေါ်၌ပါလာသော ယုံကြည်သူများကတော့ မိမိတာဝန်ကိုသာ တည်တည်ငြိမ်ငြိမ်လုပ်ဆောင်နေကြရာ သင်္ဘောကက်ပီတန်က . . .

'ဟေ့ . . . အသက်ကယ်အင်္ကျီဝတ်ထားလေကွာ၊ အဲဒါတွေ နောက်မှလုပ် . . . ' ဟု အော်ဟစ်ရပါ၏။ တကယ်တော့ နေ့စဉ်ပင် ကျမ်းစာဖတ်ဆုတောင်းကာ ခွန်အားယူရုံမက ရင်ဘတ်ထဲမှာ အိပ်ဆောင်ကျမ်းစာအုပ်သေးသေး ဆောင်ထားသောသူတို့က စိတ်ပူပန်ခြင်း မရှိပါ။ ထိုအခါ ကက်ပီတန်က အံ့ဩလျက် . . . ဟေ့ မင်းတို့ဘာဖြစ်လို့ မကြောက်ရတာလဲ။ ပင်လယ်လှိုင်းဆိုတာ လူသေနိုင်တယ်ကွ။ မုန်တိုင်းဆိုတာ . . . ကစားစရာမဟုတ်ဘူးဟု ပြောလျှင် လောရင့်က . . . ကျွန်တော်တို့ဘုရားသခင်က ပင်လယ်၊ လှိုင်းတံပိုးကို အနိုင်ရပါတယ်။ သူအလိုမရှိလျှင် ကျွန်တော်တို့ ပျက်စီးမှာ မဟုတ်ဘူး။ သူမ,စချီပင့်နိုင်ကြောင်းကို နှုတ်ကပတ်တော်အားဖြင့် အာမခံထားပါတယ်ဟု ပြန်ပြောပါ၏။ ထိုအခါ ကက်ပီတန်နှင့်အခြားသူများလည်း သူတို့၏ကျမ်းစာနှင့် ဓမ္မစာစောင်များကို ဖတ်ရှုအားထားချင်လာပါသည်။ သူတို့လည်း ဝေမျှခွင့်ရပါ၏။ နောက်တစ်နေ့နံနက်မှာ မုန်တိုင်းစဲ၍ သာယာသောပင်လယ်ပြင်ကို တဖန် မြင်တွေ့ရလျှင် . . . ကျေးဇူးတော်ကိုချီးမွမ်းခဲ့ရုံမက ဧဝံဂေလိသတင်းစကားကို ဝေမျှခဲ့ရကြောင်း သက်သေခံပြပါ၏။

ဘုရားသခင်သည် ခပ်သိမ်းသောအရာကို ဖန်ဆင်းသဖြင့် ဩဇာသက်ရောက်မှု ရှိပါသည်။ ပင်လယ်ဖြစ်စေ၊ လှိုင်းတံပိုးနှင့် မိုးသက်မုန်တိုင်းကို အမိန့်ပေးနိုင်ပါသည်။ ရောဂါဘယနှင့် ဝေဒနာများကို ငြိမ်းအေးစေ၍ သက်သာခြင်းကို ပေးနိုင်ပါသည်။ ငွေကြေးနှင့် ပြဿနာများကိုလည်း ကျော်ဖြတ်နိုင်သူ ဖြစ်ပါ၏။ တိုက်ပွဲများကိုလည်း အနိုင်ပေးပိုင်သူဖြစ်ပါသည်။ 'အနိုင်' ရဖို့ရန် ကျွန်တော်တို့လိုအပ်ခဲ့လျှင် အနိုင်ကိုပေးပိုင်သော ဘုရားသခင်ကို ကိုးစားယုံကြည်ပါ။ မုန်းတိုင်းကြားမှာ မတုန်လှုပ်ဘဲ. . . ဘုရားရှင်ကို စိတ်ချယုံကြည်သူတို့၌ . . . 'အောင်နိုင်ခြင်း' ကို တွေ့ရပါလိမ့်မည်။

နိုဝင်ဘာလ(၁၉)ရက်၊ ၂၀၀၇–ခုနှစ် (တနင်္လာနေ့)

သင်တို့၏ကောင်းသောအကျင့်ကို သူတို့သည် ထောက်ရှု၍ ဘုရားသခင်ကို ချီးမွမ်းမည်အကြောင်း သူတို့ရှေ့၌တင့်တယ်လျောက်ပတ်စွာ ကျင့်နေကြလော့။ (ရှင်ပေတရုဩဝါဒစာ ပထမစောင်၊ ၂း၁၂)

---

## " အရောင် ..."

ကင်စတန်(Kingston)မြို့မှ ဘတ်စ်ကားငယ်နှစ်စီးသည် လူ(၁၈)ဦးကို တင်ဆောင်၍ အပျော်ခရီးထွက်လာကြပါ၏။ အားလပ်ရက်များတွင် သဘာဝအလှအပ တောတောင်ရေမြေများကိုကြည့်ရှုရင်း စမ်းရေစီးသံနှင့် ကျေးငှက်တို့၏ဂီတကိုနားဆင်ဖို့ သူတို့ တက်ကြွစွာပြင်ဆင်လာခဲ့ပါသည်။ တစ်နေရာ၌ စမ်းချောင်းကျယ်ကို ဖြတ်သန်းရန် ကြီးမားသော တံတားပေါ်သို့တက်လာကြပါ၏။ တံတားထိပ်၌ အဖြူရောင်အလံကို မြင်သဖြင့် အပူအပင်ကင်းစွာဖြင့် ယဉ်မောင်းသည် ကားငယ်ကိုအရှိန်မြှင့်ကာ ဖြတ်သန်းမောင်းနှင်လျှင် တံတားအလယ်သို့ရောက်သည်နှင့် 'ဝုန်း'ကနဲ တံတားကျိုးကျကာ ကားနှစ်စီးသည် စမ်းချောင်းထဲသို့ပြုတ်ကျ၍ ပေါက်ကွဲနစ်မြုပ်သဖြင့် လူ(၂၀)ဦးတို့၏အသက်သည် ခဏချင်းမှာပင် ပျက်စီးလေသည်။

ထိုအမှုအခင်းဖြစ်ပွားသောအခါ ကျန်ရစ်သူမိသားစုက တံတားတည်ဆောက်သူ အင်ဂျင်နီယာကို တရားစွဲလေသည်။ အင်ဂျင်နီယာက အလံနီကိုထောင်၍ အန္တရာယ်ရှိကြောင်း သတိပေးပါသည်ဟု ပြောဆိုထုချေသော်လည်း တရားလိုများက အနီမဟုတ်၊ အဖြူဟု ငြင်းလေသည်။ နောက်ဆုံးတွင် အလံကိုသွားထောင်သူ အလုပ်သမားအား ရုံးတော်မှာ သက်သေခေါ် ယူစစ်ဆေးရာ အလုပ်သမားက . . .

"အင်ဂျင်နီယာပြောတာအမှန်ပါပဲ။ အနီရောင်အလံကိုထောင်ဖို့ သူအမိန့်ပေးခဲ့ပါတယ်။ ကျွန်တော်လည်း အနီရောင်အလံကိုပဲထောင်ခဲ့ပါတယ်"ဟု ဖြေလေ၏။ ဟဲ့ . . အခု ရုံးတော်မှာရှိနေတာ အနီမှမဟုတ်တာ၊ အဖြူပဲ။ ဘာကြောင့် ပြောင်လိမ်ညာသလဲဟု တရားသူကြီးကမေးလျှင် မှန်ပါတယ်၊ အဲဒီအလံဟာ အစက အနီပါ။ သို့သော် ကြာသွား၍ မိုးရေ၊ လေ၊ ရာသီဥတုဒဏ်ကြောင့် အရောင်လွင့်သွားတာပါ . . . ဟု ဖြေပြန်သည်။ အနီရောင်သည် အရောင်လွင့်၍မနီတော့သောအခါ ပြဿနာဖြစ်ရသောအကြောင်း သာဓကလေးပါ။

ကျွန်တော်တို့၏အသက်တာ၌လည်း အရောင်တစ်ခု၊ အသွေးတစ်ခုတော့ ကိုယ်စီရှိကြပါသည်။ ယုံကြည်သူတစ်ယောက်အတွက်တော့ ခရစ်တော်၏အရောင်ဖြစ်ပါသည်။ ကျွန်တော်တို့ပိုင်ဆိုင်သောအရောင်ကို လွင့်ပြယ်ခွင့်ပေးမည်၊ သို့မဟုတ် အရောင်သည် ပြောင်းလဲသွားသောအခါ သူတစ်ပါးကဲ့ရဲ့စရာဖြစ်ရုံမက အန္တရာယ်လည်း ကြီးပါသည်။ ဘုရားသခင်ပေးထားသောယုံကြည်ခြင်းအရောင်ကို မလွင့်ပါးစေဘဲ အထူးသဖြင့် အသက်တာ၌ ခရစ်တော်၏အရောင်ကို လွင့်ပြယ်သောစာရိတ္တ၊ ကျင့်ကြံမှုမျိုးကို ရှောင်ကြဉ်ခြင်းဖြင့် တည်ဆောက်စရာကိုသာ ပေးနိုင်ဖို့ ကြိုးစားကြပါစို့။

**နိုဝင်ဘာလ(၂၀)ရက်၊ ၂၀၀၇–ခုနှစ် (အင်္ဂါနေ့)**

သင်၏သားသမီးအပေါင်းတို့သည် ထာဝရဘုရား ဆုံးမသွန်သင်တော်မူသောသူဖြစ်၍၊ များစွာသောစည်းစိမ်ချမ်းသာနှင့် ပြည့်စုံလိမ့်မည်။ (ဟေရှာယအနာဂတ္တိကျမ်း၊ ၅၄း၁၃)

---

## " အဖြေ ..."

ကျွန်တော်တို့ရွာမှမိန်းကလေးနှင့်အိမ်ထောင်ကျသောကိုထော်ဖော၏ ဟသ်ာတရှိ နေအိမ်သို့ အလည်ရောက်သွားလျှင် သူ၏ သေးငယ်သော်လည်းသပ်ရပ်သောဧည့်ခန်း ကလေးမှာ ထိုင်ခဲ့ရပါ၏။ နံရံထက်မှာ သားသမီး(၅)ဦး၏ဓာတ်ပုံကို သေသေချာချာ ချိတ်ထားပါ၏။ တစ်ယောက်ချင်းတစ်ပုံစီ၊ ရွယ်ညီညီရိုက်ထားပြီးမှ မှန်ဘောင်နှင့်ချိတ်ထားပါသည်။ လူပျို၊ အပျိုဓာတ်ပုံများဖြစ်၍ လှလှပပဖြစ်ပါသည်။ မည်သူမဆို ရောက်သည်နှင့် ထိုသားသမီး(၅)ဦး၏ဓာတ်ပုံကို အရင်တွေ့ရမှာပဲ။ ဧည့်သည်ထိုင်ရမည့်နေရာနှင့် မျက်နှာချင်းဆိုင်မှာ တည့်တည့်ဖြစ်အောင်ထားသည်မို့ မမြင်ဘဲမနေ၊ မြင်ကြရပါ၏။ မြင်သောသူတိုင်း လှပသောသားနှစ်ယောက်နှင့်သမီးသုံးယောက်၏အပြုံးကို ခံစားကြရပါ၏။ ရေ တစ်ခွက်မှ ဆီးကြို၍မတိုက်ကြသော်လည်း အမောပြေအောင် အိမ်ရှင်မက စီစဉ်ထားပုံပါပဲ။

တကယ်လည်း . . . သူတို့မိသားစုတွင် ဘုရားရှင်ပေးသနားသောအမွေဥစ္စာ၊ ရတနာငါးမျိုးကို တန်ဖိုးထားလျက်သွန်သင်လမ်းပြလျက် တည်ဆောက်ပေးကြပါသည်။ သားနှစ်ဦးသည် ဝေးသောအရပ်မှာ လောကနှင့်စပ်ဆိုင်သောဥစ္စာနှင့်ပညာကို ဆည်းပူးနေကြပါ၏။ သမီးနှစ်ယောက်ကလည်း လုပ်ငန်းခွင်သို့ စတင်၍ဝင်ရောက်ချိန်၊ အငယ်ဆုံးသမီးက ပညာသင်ယူနေဆဲဖြစ်ပါ၏။ သူများတွေလိုပဲ ဇနီးမောင်နှံသည် ခဲယဉ်းပင်ပန်းစွာ ဘဝကို တည်ဆောက်ခဲ့ရမှာပါ။ မကြာခဏဝေဒနာခံစားရလျက် ချူချာသောဇနီးသည်ကို ခင်ပွန်းသည် ပြုစုယုယရင်း . . . သားသမီးများကိုဖေးမခဲ့ပါ၏။ ဇနီးသည်ကမူ သားသမီးများကို မေတ္တာဖြင့်ရစ်ပတ်လျက် သမ္မာတရားဖြင့် သွန်သင်တည်ဆောက်ပေးခဲ့ပါသည်။ သည်လိုနှင့်ပဲ ဘုရားရှင်၏အလိုတော်ကို ဝန်ခံလျက် ရုန်းကန်ခဲ့ကြသူများဖြစ်ပါ၏။ သူတို့ဇနီးမောင်နှံ၏ဓာတ်ပုံကတော့ နံရံမှာမရှိ။ ခပ်လှမ်းလှမ်းရှိ ချောင်ကျကျနံရံမှာပဲ ချိတ်ထားပါသည်။ သူတို့သည် သားသမီးများအတွက်ကိုသာ ဦးစားပေးလျက် အသက်ရှင်မှန်း ခံစားရပါသည်။ သားသမီးများက လိမ္မာသဖြင့် ပျော်ရွှင်စရာသီရိဂေဟာကလေးတစ်ခုကို ချမ်းမြေ့စွာရောက်ခဲ့ဖူးကြောင်းပါ။

အိမ်ထောင်ကိုတည်ဆောက်သောသူတိုင်းသည် အသက်တာ၌ ကောင်းကြီးမင်္ဂလာကို ခံယူရရှိ၍ ပျော်ရွှင်ချမ်းမြေ့လိုကြပါသည်။ မိမိဉာဏ်ပညာနှင့် သာယာပြည့်စုံခြင်းကို ကြိုးစားသော်လည်း အချည်းအနှီးပင်ပန်းသောသူ အများရှိကြပါ၏။ သမ္မာကျမ်းစာ၌ အဖြေရှိပါသည်။ နည်းလမ်းရှိပါ၏။ ယောရှုမှတ်စာသည် အသက်တာအောင်မြင်မှု၊ အိမ်ထောင်သာယာခြင်းနည်းလမ်းကိုဖော်ပြထားသဖြင့် အချိန်ရလျှင် အောင်မြင်လိုသောသူများ ယောရှုမှတ်စာကို ဖတ်ရှုခွန်အားယူဖို့ရန် တိုက်တွန်းပါရစေ။

**နို့ဝင်ဘာလ(၂၁)ရက်၊ ၂၀၀၇–ခုနှစ် (ဗုဒ္ဓဟူးနေ့)**

ငါ၏အမှုကိုဆောင်ရွက်သောသူဖြစ်လျှင် ခမည်းတော်သည် ချီးမြှောက်တော်မူမည်။ (ယော၊ ၁၂း၂၆) ကောင်းကင်ဘုံ၌ မကုန်ခမ်းနိုင်သောဘဏ္ဍာကို ဆည်းပူးကြလော့။ (လု၊ ၁၂း၃၃)

## " အကျိုး ..."

ခရစ်ယာန်အဖွဲ့အစည်းများထဲတွင် တစ်ခုဖြစ်သော ကယ်တင်ခြင်းတပ် **Salvation Army** အကြောင်း ကြားဖူးကြမှာပါ။ မိဘမဲ့သောကလေးကို ပြုစုစောင့်ရှောက် ပညာသင်ပေး၍ ကူညီရုံမက အောင်မြင်သောဘဝများတည်ဆောက်ရရှိစေသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ နိုင်ငံများစွာတွင်အခြေစိုက်၍အမှုတော်ဆောင်နေရာ မြန်မာပြည်တွင်လည်း ရှိပါ၏။ ထိုအဖွဲ့အစည်းတွင် ပါဝင်ဦးဆောင်ခဲ့သော အီဗန်ဂျလင်းဘွတ် (**Evangeline Booth**)အကြောင်းကိုပြောပြပါရစေ။ သူမကို လက်ထပ်လိုသောသူ၊ လက်ထပ်ခွင့်တောင်းခဲ့သူ များစွာရှိခဲ့သော်လည်း သူမသည် လက်မခံခဲ့ပါ။ သန်းကြွယ်သူဌေး၊ လယ်သမား၊ စီးပွားရေးလုပ်ငန်းရှင်၊ တံငါသည် . . . ယောက်ျားများစွာက ချစ်ရေးဆိုခဲ့ပါ၏။ သို့သော် သူမသည် အပျိုစင်ဘဝကိုသာ နှစ်သက်ခဲ့ပါ၏။ အသက်(၇၀)တိုင်အောင် ဆွဲဆောင်မှုရှိကာ ကမ်းလှမ်းမှု ရှိနေသေးသည်။ စင်စစ် . . . သရုပ်ဆောင်တစ်ယောက်၊ ရုပ်ရှင်မင်းသမီး တစ်ယောက်လည်းမဟုတ်ဘဲနှင့် နိုင်ငံပေါင်းများစွာ၌ သူ့ပရိတ်သတ်(နောက်လိုက်) သုံးသောင်းရှစ်ထောင် ရှိပါ၍ (၈၆)နိုင်ငံ၌ ချစ်ကြည်ရေးသံတမန်များ ဖြစ်နေကြပါသည်။ ကယ်တင်ခြင်းတပ်မှအနားယူပြီးနောက်တွင် အသက်(၁၈)နှစ် သမီးငယ်တစ်ယောက်နှင့် မခြား လှပစွာရေကူး၍ ဒိုင်ဗင်ထိုးနိုင်သေး၏။

သူမသည် အုပ်ချုပ်ရေးမှူး၊ ဂီတပညာရှင်နှင့် ထောင်ပေါင်းများစွာသောသူတို့၏ မိတ်ဆွေ . . . ဖြစ်၍ ထူးဆန်းသောဆွဲဆောင်မှုနှင့် ကျန်းမာနုပျိုခြင်းကြောင့် အံ့သြကြရပါသည်။ သတင်းထောက်တစ်ဦးက . . . အသက်ကြီးရင့်သော်လည်း လူအများ၏နှစ်သက်မှုကို ရယူ၍ ဆွဲဆောင်မှုရှိသည့်လျှို့ဝှက်ချက်ကို မေးမြန်းစုံစမ်းလျှင် သူမက ပြုံးရွှင်စွာဖြင့် . . . "ကျွန်မဟာ သူများတွေအတွက် အသက်ရှင်ချင်ပါတယ်။ ကျွန်မရဲ့ အပြင်းပြဆုံးဆန္ဒတစ်ခုက တွေ့ဆုံရတဲ့သူတိုင်းကို အနည်းငယ်ဖြစ်စေ ပိုကောင်းအောင် ပြုလုပ်ပေးချင်တာပါပဲ။ ဒါကြောင့် ကယ်တင်ခြင်းတပ်ကို ဝင်ခဲ့တာပေါ့။ ကျွန်မလည်း . . . တစ်နေ့ကို အနည်းငယ်စီ ကောင်းအောင်ကြိုးစားခဲ့တာပါ . . . "ဟု ပြောသတဲ့။

လောကကြီး၏ဖိအားအမျိုးမျိုးကြားမှာအသက်ရှင်ရင်း တစ်နေ့လျှင်အနည်းငယ်ဖြစ်စေ ကြိုးစား၍ ဝိညာဉ်ရေးရာတည်ဆောက်ခဲ့လျှင် သက်ကြွယ်သော်လည်း ဝိညာဉ်မှာ အားရှိပါလိမ့်မည်။ သူတစ်ပါးအတွက် တစ်နည်းအားဖြင့် ဘုရားရှင်အတွက် အနည်းငယ်ပို၍အသက်ရှင်ခြင်းဖြင့် သူတစ်ပါးကိုဆွဲဆောင်နိုင်သောသူ ချစ်ခင်မြတ်နိုးသူ ဖြစ်လာပါလိမ့်မည်။ မည်သူမဆို မိမိအတွက်မဟုတ်ဘဲလုပ်ဆောင်ခြင်းများသည် သဘာဝမကျသောကြောင့် ဆွဲဆောင်မှုတစ်ခုဖြစ်လာရုံမက ဝိညာဉ်အကျိုးကြီးကြောင်း သက်သေတစ်ခုပါ။

**နိုဝင်ဘာလ(၂၂)ရက်၊ ၂၀၀၇-ခုနှစ် (ကြာသပတေးနေ့)**

ငါ့သား၊ ထာဝရဘုရားဆုံးမတော်မူခြင်းကို မမှတ်ဘဲမနေနှင့်။ သင်၏အပြစ်ကို စစ်ဆေးတော်မူသောအခါ စိတ်မပျက်နှင့်။ ထာဝရဘုရားသည် ချစ်တော်မူသောသူကို ဆုံးမတော်မူတတ်၏။ (သုတ္တံကျမ်း၊ ၃း၁၁-၁၂)

---

## " အပြစ် ..."

ယနေ့ညမှာ ကျုံ့ရှုကျေးရွာကျမ်းစာသင်တန်းသွားပို့ချစဉ်က ထိုရွာသူ နန့်မိုးသူဇာကျော်၏သက်သေခံချက်ကို နားဆင်ခွန်အားယူဖို့ ပြင်ဆင်ထားပါသည်။ လှပသော မိန်းကလေးသည် ပညာတော်လျက်၊ တက္ကသိုလ်ပညာပထမနှစ်ကိုတက်ရောက်နေစဉ်မှာပင် သူမ၏ဖခင် . . အဖမ်းခံရပါ၏။ မိသားစုတစ်ခုလုံးသည် ဖခင်အပေါ်မှာတည်မှီလျက် စားသောက်နေထိုင်ရသောကြောင့် ရှေ့အနာဂတ်အတွက် ပူပန်သောကရောက်ကြရပါသတဲ့။ ဘာမှ မလုပ်နိုင်သည့်အဆုံးမှာ သားအမိတို့သည် ဒူးထောက်ဆုတောင်းလျက် ဖခင်ကို လွတ်မြောက်ဖို့ ဆန္ဒရှိပါသည်။ သို့သော်လည်းပဲ . . . ဖခင်သည် မလွတ်မြောက်ခဲ့ပါ။ ထောင်ဒဏ် ငါးနှစ်ကျခံခဲ့ပါ၏။ ဘုရားသခင်သည် သားအမိ၏ဆုတောင်းသံကို နားမထောင်ဟု အောက်မေ့စရာရှိသော်လည်း . . .

တကယ်တော့ ဖခင်၏အပြစ်သာဖြစ်ပါသည်။ မိသားစုအတွက် ငွေကြေးဥစ္စာရှာဖွေရင်း စုံစမ်းခြင်းကြားမှာ လိုက်ပါသွားခဲ့ပါ၏။ အရက်သေစာသောက်စားလျက် မူးယစ်ရမ်းကားလျက်၊ နောက်ဆုံးတွင် ရာဇဝတ်မှုကိုပြုမိသောကြောင့် အပြစ်ဒဏ်ကို ပင်ပန်းစွာခံစားရပါ၏။ သူနောင်တရခဲ့သော်လည်း နောက်ကျခဲ့ပြီဖြစ်၍ အကျဉ်းထောင်ထဲမှာ ချုပ်နှောင်ခံရ၍ အပြစ်ကြွေးကို ချွေးစက်များစွာဖြင့် ပင်ပန်းစွာဆပ်ခဲ့ရပါ၏။ မိသားစု၏အခြေအနေမှာလည်း အလွန်ခက်ခဲကာ ခြေမကိုင်မိလက်မကိုင်မိနှင့် အားကိုးရာမဲ့၊ အရှက်လည်းရသဖြင့် များစွာပင်ပန်းရပါသည်။ သို့သော်လည်း ဘုရားသခင်ကိုသိ၍ ချစ်သောမိသားစုသည် ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်း၊ ချီးမွမ်းခြင်းဖြင့် ခွန်အားယူလျက် (၅)နှစ်တာကာလကို လွန်မြောက်ရန် ကြိုးစားရုန်းကန်နိုင်ခဲ့ပါ၏။

ဖခင်သည် အပြစ်ကိုစစ်ဆေးခံရပါသည်။ ဆေးကြောခံရပါ၏။ မိသားစုသည်လည်း အတူတကွဆင်းရဲခြင်းကို ခံရပါ၏။ သို့သော် ပျက်စီးခြင်း၊ နာကျည်းခြင်းမရှိသဖြင့် တော်ပါသေးသည်။ နန့်သန္တာကျော်က . . . " ပါပါးချုပ်ရက် ငါးလအတွင်းမှာ သမီးတို့ ဆုတောင်းပေမယ့် မလွတ်ခဲ့ပါဘူး။ ဘုရားသခင်ဟာ ပါပါးကိုသိပ်ချစ်လို့ နောင်တတွေနဲ့ ပြန်လှည့်စေချင်လို့ ထောင်ဒဏ်ကျခံခိုင်းတာပါ။ ချက်ခြင်း . . ပြန်လွတ်ရင် . . အရင်အတိုင်း ပြန်ကျင့်မိမှာကို ဘုရားသခင်သိတာပေါ့။ သူချစ်တဲ့သားကိုဆုံးမတာလို့ ထင်ပါ တယ် . . . "ဟု ပြောပြခဲ့ပါ၏။ နှစ်သက်တော်မူသောသားကို ဘုရားရှင် ဒဏ်ခတ်တော်မူကြောင်း သုတ္တံဆရာက သွန်သင်သဖြင့် ဒဏ်ကိုခံရလျှင် စိတ်ပျက်စရာမရှိပါ။

**နိုဝင်ဘာလ(၂၃)ရက်၊ ၂၀၀၇–ခုနှစ် (သောကြာနေ့)**

ကယ်တင်ခြင်းသို့ ရောက်ရာကျောက်ကိုကျူးကြေကြကုန်အံ့။ ကျေးဇူးတော်ကို ချီးမွမ်းလျက် ရှေ့တော်သို့ဝင်၍ ဆာလံသီချင်းကိုဆိုလျက် ကျူးဧသောအသံကို ပြုကြကုန်အံ့။ (ဆာလံကျမ်း၊ ၉၅း၂)

---

## " အစား ..."

ယခုလအတွက် ကျွန်တော်ကိုယ်တိုင် စိတ်လှုပ်ရှားခဲ့ရသည်ကို ဝန်ခံပါရစေ။ ညစဉ်ခွန်အားစာစောင်ရေးနေစဉ်မှာပင် လတ်တလောဖြစ်ပေါ်နေသောအခြေအနေများကြောင့် စိုးရိမ်ခြင်း၊ ပူပန်ခြင်း ဖြစ်ရပါသည်။ ပထမတော့ ရေကြီးခြင်း၊ အိမ်ထဲရေဝင်၍ စက္ကူများ၊ စာဖောင်များ ရွှေ့ပြောင်းရန်နှင့် မောပန်းနေတုံး မြို့ထဲသွားလာဖို့က သာ၍ခက်လာပါသည်။ ညစဉ်ခွန်အားအတွက် အလှူငွေများကို လိုက်လံစုဆောင်းတော့လည်း မရ။ ကူညီနေကြ မိတ်ဆွေများကလည်း မရောက်လာသောအခါ . . . ဒုက္ခပဲ၊ ဒီတစ်လတော့ သွားပါပြီဟု အောက်မေ့နေစဉ် အသင်းသားတစ်ယောက်၏အိမ်သို့ ဆုတောင်းပေးဖို့သွားရပါ၏။ သူ၏အိမ်နံရံမှာ စာတန်းတစ်ခုတွေ့ရပါသည်။ ၎င်းမှာ . . .

" စိုးရိမ်ပူပန်နေမည့်အစား ချီးမွမ်းပါ။ (**It is better to praise than to worry**)

" မကောင်းမြင်ပြုနေမည့်အစား ချီးမွမ်းပါ။ ( **It is better to praise than to be possive mistake**)

" ပြဿနာအတွက် စိတ်ပျက်နေမည့်အစား ချီးမွမ်းပါ။ (**It is better to praise than to be problem conscious**)

ဟူ၍ဖြစ်ရာ သက်ပြင်းကိုချလျက် . . . အင်း၊ အဲသလိုလုပ်နိုင်ရင်တော့ ကောင်းမှာပဲဟု ဆင်ခြင်မိပါတယ်။ ချီးမွမ်းပါ . . ၊ ချီးမွမ်းပါ . . ဟု ကိုယ့်ကိုယ်ကို သွန်သင်ရင်း ဘုရားရှင်ကို ချီးမွမ်းရင်း သီချင်းလည်းဆိုကြရာ ထိုအိမ်မှစည်းဝေးပြီးဆုံးလျှင် ခွန်အားအသစ်ကို ရလေသည်။ ပြန်လာသောအခါ အသွားနှင့်မတူ၊ စိတ်လက်ပေါ့ပါး၍ ပူပန်ခြင်းများစွာ သက်သာရာရခဲ့ပါ၏။ လုံးဝတော့မပျောက်ပါ။ မည်သို့ပင်ဖြစ်စေ၊ ချီးမွမ်းခြင်း၏တန်ခိုးကိုတော့ ခံစားခဲ့ရပါသည်။ နှစ်ပတ်မျှကြာလျှင် မုန်တိုင်းစဲ၍ ရေလှိုင်းများနည်းပါးလျက် အသွားအလာ ပုံမှန်ပြန်ဖြစ်လာပါ၏။ ချီးမွမ်းရင်း ဆုတောင်းရင်းဖြင့် ညစဉ်ခွန်အားကို ပုံနှိပ်နိုင်ခဲ့ပါသည်။

အမှုတော်ဆောင်သူဖြစ်စေ၊ ယုံကြည်သူဖြစ်စေ အားလုံးပင် လောက၏စုံစမ်းခြင်းလှိုင်းတံပိုးကို ခံရမြဲဖြစ်ပါသည်။ ကားတိုင်ထမ်းရသောသူကား ယေရှုတစ်ပါးတည်းမှ မဟုတ်တာ။ ပြင်းထန်လေးလံသောကားတိုင်ကိုထမ်းရစဉ်၊ စိုးရိမ်ပူပန်ခြင်း၊ ကြောက်လန့်ခြင်း၊ ညည်းညူခြင်းနှင့် မကောင်းမြင်မှုများကို ထွေးပွေ့မည့်အစား ကိုယ်တော်ကို ချီးမွမ်းလျှင် သက်သာခွင့်ကို အလျှင်အမြန် ရနိုင်ပါ၏။ ချီးမွမ်းခြင်းသီချင်းနှင့် ခွန်အားယူလျက် မုန်တိုင်းစဲချိန်ကို စောင့်စားကြပါစို့။

နိုဝင်ဘာလ(၂၄)ရက်၊ ၂၀၀၇–ခုနှစ် (စနေနေ့)

ဘုရားသခင်သည် ငါတို့ကိုချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့် သေလျက်ရှိသော ငါတို့ကို အသက်ရှင်စေတော်မူ၏။ (ဧဖက်ဩဝါဒစာ၊ ၂း၄)

## " မဟာမေတ္တာတော် ..."

ရှစ်မိုင်မှာနေသော ဒေါ်ဝင်းဝင်းမေရောက်လာသောနေ့က သူ့ခင်ပွန်းဆုံးသွားတာ တစ်နှစ်ခွဲရှိပြီဟု ပြောပြရင်း ညစဉ်ခွန်အားအတွက် အလှူငွေပေးကာ ဆုတောင်းခံပါသည်။ သူမသည် ခင်ပွန်းသည်ကိုအောက်မေ့လျက်က စိတ်ဆိုးနေတုံးပါပဲ။ တော်တော်ဆိုးတဲ့ ယောကျ်ားပဲဟု ပြောပါသည်။ သူဟာ အလွန်တော်တဲ့သင်္ဘောသားဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မနဲ့အိမ်ထောင်သက်တစ်လျှောက်လုံး တစ်နှစ်ပဲ သင်္ဘောလိုက်ခဲ့ပြီး ကျန်တဲ့အနှစ် နှစ်ဆယ်နီးပါး ဘာမှမလုပ်ဘဲနေသတဲ့။ သူ့သမီးကလေးကို ကိုယ်ဝန်ဆောင်ထားတော့ စိတ်မချလို့ သင်္ဘောမထွက်ဘူး။ အိမ်မှာပဲနေတယ်။ သမီးမွေးလာတော့ ငယ်သေးလို့တဲ့။ နောက် သမီးကျောင်းနေတော့ . . စိတ်မချဘူးတဲ့။ သမီးအပျိုဖြစ်လာတော့ သာပြီး စိတ်မချ ပြန်ဘူးတဲ့။ အဲသလိုနဲ့ . . . ကျွန်မနဲ့သမီးအနားမှာပဲ ပူးပူးကပ်ကပ်နေလိုက်တာ နှစ်တွေ ကုန်ပြီး သူသေသွားတဲ့အထိပဲ။ သူသေတော့ အိမ်တစ်လုံးပဲ ထားခဲ့တယ်။ ကျွန်မဖြင့် တကယ် စိတ်ဆိုးမိတယ် . . ဟု ပြောပါသည်။ သို့သော် . . . ထိုခင်ပွန်း၏ဓါတ်ပုံကိုလည်း ပြကာ ဆိုးသည့်ခင်ပွန်းကို တစ်နေ့မှမမေ့မရ၊ ခင်ပွန်းထားခဲ့သောအိမ်ကို မရောင်းနိုင်။ တသသ ဖြစ်နေပုံကိုလည်း ပြောပြန်၏။

ကျွန်တော်နှင့်တွေ့ခဲ့ရသည့် သုံးနာရီလုံးလုံး ခင်ပွန်းသည်ဆိုးကြောင်းပြောရင်း အောက်မေ့နေရာ၊ ကျွန်တော်က " တော်သေးတယ်၊ အဲသလောက်ဆိုးတာတောင် မမေ့နိုင် အောင်ဖြစ်နေတာ။ ကောင်းများကောင်းရင် ဘယ်လိုလုပ်မလဲ"ဟု မေးမိတော့ သူ့သမီး ခွေးခွေးသိန်းက . . . အဲဒါဆိုရင်တော့ ခုလောက်ဆို အမေက သွက်သွက်ခါအောင် ရူးနေလောက်ပြီ . . . ဟု ဝင်၍ပြောပါ၏။ သို့သော် . . . အမေ့အကြောင်းကို သိသော သမီး၏ ဝေဖန်ချက်ဖြစ်၍ မှန်ကန်ပါလိမ့်မည်။ ကျွန်တော်တို့အပေါ်မှာ ဆိုးသောသူ တစ်ယောက်ဖြစ်သော်လည်း ဘာဖြစ်လို့ မမေ့နိုင်ရတာလဲဟု ပြန်တွေးကြည့်တော့ သူ့ကို ကျွန်တော်တို့ချစ်သောကြောင့် ဖြစ်ပါ၏။ သူ၏ဆိုးသောအကြောင်းကို ချစ်ခြင်းမေတ္တာ ဖြင့်ဖုံးအုပ်သောကြောင့် မမေ့နိုင်တာဖြစ်ပါသည်။

အင်မတန်မှ အစွဲအလန်းကြီး၍ ချစ်တတ်သောသူကို ဘုရားရှင်က ဆိုးသောသူနှင့် တွဲဖက်ပေးသောကြောင့် ကျေးဇူးတော်ကို ချီးမွမ်းစရာပါပဲ။ မဟုတ်လျှင် သာ၍ မခံစား နိုင်စရာ ဖြစ်ပါလိမ့်မည်ဟု ဒေါ်ဝင်းဝင်းမေကို ပြောပြပါ၏။ ကျွန်တော်တို့လည်း အပြစ်သား များဖြစ်ပါ၏။ သို့သော် ဘုရားသခင်၏မေ့လျော့ခြင်းကို မခံရ၊ အပြစ်ကြောင့် လျစ်လျူရှု ခြင်းကို မခံရ၊ အကြောင်းမှာ ဘုရားရှင်သည် ကျွန်တော်တို့ကို ချစ်သောကြောင့် ဖြစ်ပါ သည်။ ကိုယ်တော်သည် ချစ်ခြင်းမေတ္တာ God is Love ဟူသော သမ္မာတရားကို ဆင်ခြင် သိမှတ်ကြပါစို့။

**နိုဝင်ဘာလ(၂၅)ရက်၊ ၂၀၀၇-ခုနှစ် (တနင်္ဂနွေနေ့)**

ငါ့ကိုချစ်သောသူတိုင်းကို ငါချစ်၏။
ငါ့ကိုကြိုးစား၍ ရှာသောသူတို့သည် တွေ့တတ်ကြ၏။ (သုတ္တံကျမ်း၊ ၈း၁၇)

---

## " ချစ်သောသူကို ..."

ရုရှလူငယ်ကလေးတစ်ယောက်သည် ပန်းချီရေးဆွဲခြင်းကိုဝါသနာပါ၏။ ထို့ကြောင့်လည်း ကြိုးစား၍သင်ယူလေ့လာကာ နောက်ဆုံးတွင် ပန်းချီကားများကို စတင်ရေးဆွဲပါ၏။ တစ်နေ့တွင် ခရစ်တော်နှင့်တပည့်တော်တစ်ဆယ့်နှစ်ပါး၏ပုံများကို ရေးဆွဲခဲ့ပါသည်။ ပုံများကို အချောသတ်ပြီးလျှင်. . သူလေးစားရိုသေသည့်စာရေးဆရာကြီး လီယိုတော်လ်စတွိုင်းထံသို့ သွား၍ပြသပါသည်။ စင်စစ် သူရေးသော ပန်းချီကားသည် ဆရာကြီး တော်လ်စတွိုင်း၏ 'ခရစ်တော်နှင့်တပည့်တော်'အမည်ရှိစာအုပ်၏သရုပ်ဖော်ပုံ(မျက်နှာဖုံး)အတွက် ရည်ရွယ်သည်ဖြစ်ပါသတဲ့။ တော်စတွိုင်းသည် ပုံကို သေသေချာချာ ကြည့်ရှုပြီးနောက် . . .

'မင်း . . . သူ့ကို(ခရစ်တော်ကို) မချစ်ဘူးပဲ . . . '

'အို. . ဘာဖြစ်လို့ဆရာကြီးဒီလိုပြောနိုင်သလဲ။ ကျွန်တော်. . ကိုယ်တော်ကိုချစ်ပါတယ်' ဆရာကြီးတော်လ်စတွိုင်းက ခေါင်းကိုခါလျက် . . မင်း . . ခရစ်တော်ကိုမချစ်ဘူးဆိုတာ ငါသိတာပေါ့။ တကယ်လို့ မင်း ကိုယ်တော့်ကိုချစ်ခဲ့ရင် . . . ဒီထက်ကောင်းတဲ့ပုံ ကြိုးစားပြီးရေးမှာပဲ။ အကောင်းဆုံးကိုကြိုးစားရေးမှာပေါ့။ ဒီလက်ရာဟာ မင်းရဲ့အကောင်းဆုံးအနုပညာမဟုတ်သေးပဲ . . . ဟု ပြန်ပြောလေ၏။ ရုရှလူငယ်ကလေးသည် သူ၏ပုံကိုပြန်ယူသွားပြီးနောက် . . ဆရာကြီး၏စကားကို ဆင်ခြင်လျက် ခရစ်တော်ကိုချစ်သာစိတ်နှင့် ထပ်ကာထပ်ကာကြိုးစား၍ အဖန်ဖန်ရေးဆွဲပြီးနောက် အကောင်းဆုံးသောလက်ရာကို ရရှိခဲ့ပါသတဲ့။

ကိုယ်တော်ကိုချစ်ပါတယ်. . ဟု ကျွန်တော်တို့အောက်မေ့ကြပါသည်။ ကိုယ်တော်ကို ယုံကြည်ပါတယ်ဟု ထင်မြင်ကြပါသည်။ ကိုယ်တော်ကယ်တင်ပါသည် . . ဟု ပြောဆိုကြပါ၏။ သို့သော် ဤအရာများကို လေးလေးနက်နက်သက်သေခံဖို့ကတော့ ကျွန်တော်တို့၏ အလုပ်များက သက်သေခံပါသည်။ နေ့စဉ်အသက်ရှင်သောအခါ ကိုယ်တော်ကို ချစ်ကြောင်း၊ ယုံကြည်ကြောင်း . . မည်ကဲ့သို့နေထိုင်လုပ်ကိုင်ဆောင်ရွက်နေသည်က သာမိုမီတာတစ်ခုဖြစ်သည်ကို သတိပြုကြရပါလိမ့်မည်။ အကောင်းဆုံးကို ပူဇော်ဖို့ရန်အတွက် ဓမ္မသီချင်းတစ်ပုဒ်က တိုက်တွန်းနှိုးဆော်ပါသည်။ ချစ်ခြင်း၏အဖြေတစ်ခုမှာ ချစ်သူအတွက် အကောင်းဆုံးလုပ်ဆောင်ပေးခြင်းဖြစ်ပါသည်။ ရုရှလူငယ်တစ်ဦး၏ ကိုယ်တော်ကို ချစ်ခြင်းဖြင့် သာ၍ကောင်းသောအားထုတ်မှုကိုပြသည့်နည်းတူ . . . ကိုယ်တော်ကို ချစ်သော ယုံကြည်သူများသည် ကိုယ်တော်ခွဲခန့်မှတ်သားသောအလုပ်ကို အကောင်းဆုံးဆောင်ရွက်၍ သက်သေခံဖို့ပါပဲ . . . မိတ်ဆွေ။

**နိုဝင်ဘာလ(၂၆)ရက်၊ ၂၀၀၇–ခုနှစ် (တနင်္လာနေ့)**

နေ့ညမပြတ် အော်ဟစ်၍ တောင်းလျှောက်လျှင် ဘုရားသခင်သည် သူတို့ဘက်၌ တရားမစီရင်ဘဲ နေတော်မူမည်လော။ ကြာမြင့်စွာသည်းခံတော်မူမည်လော။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၁၈း၇-၈)

## " အော်ဟစ်၍ ..."

နေ့စဉ်ဆုတောင်းချက်များကိုတောင်းပေးနေစဉ် 'ဆရာ၊ ကျွန်မဆုတောင်းချက် အလွန်အရေးကြီးပါတယ်။ မဖြစ်မနေ မရမနေ ဆုတောင်းပေးပါ'ဟူသော စာတစ်စောင် ရောက်လာပါ၏။ တစ်နေ့ပြီးတစ်နေ့ ထိုအမျိုးသမီး၏စာရောက်လာရာ စုစုပေါင်း ဆယ်စောင်ဖြစ်ပါသည်။ သူမခင်ပွန်းသည် သူမကို စိတ်ဆိုးလျက် နိုင်ငံရပ်ခြားသို့ ထွက်သွားပြီးနောက် အဆက်အသွယ်မလုပ်သဖြင့် ပူပန်သောကဖြစ်ကာ ခင်ပွန်းသည် ပြန်လာဖို့ အမြန်ဆုတောင်းပေးပါ . . . မေတ္တာရပ်ခံထားပါ၏။ ဆုတောင်းခြင်းအဖြေကိုလည်း အမြန်ပဲရချင်ပါ၏။ နည်းနည်းမှမစောင့်နိုင်အောင် ပင်ပန်းနေသောအကြောင်းလည်း ပါပါ၏။ သာဓကကလေးတစ်ခု ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်က အမေရိကန်နိုင်ငံမှာ မိခင်တစ်ယောက်သည် သင်းအုပ်ဆရာကိုခေါ်၍ သမီးငယ်အတွက်ဆုတောင်းပေးပါ။ သုံးနှစ်အရွယ်သမီးကလေးမှာ ဝေဒနာခံရ၍ ဆရာဝန်များက မျှော်လင့်စရာမရှိတော့ပါဟုပြောလျှင် မိခင်သည် ပူပန်လျက်၊ ကြေကွဲလျက် ဆရာအား အတင်းအကြပ်ဆုတောင်းပေးစေပါ၏။ အကယ်၍ ကျွန်မတို့၊ ဆရာတို့၏ဆုတောင်းသံကို ဘုရားရှင်နားမထောင်လျှင် မယုံကြည်တော့ဘူး။ ဘုရားရှင်နှင့်အဆက်ဖြတ်တော့မယ်။ ထွက်မြောက်ရာကျမ်းတွင် ဣသရေလ လူမျိုးများ ဘုရားသခင်ကိုညည်းညူသကဲ့သို့ အတင်းအကြပ်ဆုတောင်းခဲ့ပါ၏။ နောက်ဆုံးတော့ သူမ၏အကြံအစည်ကို ဘုရားရှင်ခွင့်ပြုခဲ့ပါ၏။ သမီးငယ်သည် ဝေဒနာသက်သာ၍ . . . နောက်ထပ် အသက်ရှင်ခွင့်ကို ရခဲ့ပါသတဲ့။ သေမင်း၏ခံတွင်းမှ ပြန်လာနိုင်သူဖြစ်၍ ငယ်စဉ်ကပင်စ၍ မိခင်ကအလိုလိုက်လွန်းလျှင် အသက်(၁၃)နှစ်၌ပင် စတင်၍ လမ်းလွဲပါသည်။ မိခင်၏စကားကိုနားမထောင်၊ လောက၏သွေးဆောင်မှုများမှာ သာယာရင်း အသက်(၁၇)နှစ်အရွယ်တွင် လုံးလုံးပျက်စီးလျက် သွန်သင်ဆုံးမ ကယ်တင်၍မရ၊ မူယစ်ဆေးကိုသုံးလျက် နောက်မကြာမီတွင် သူမ၏အခန်း၌ပင် ဆွဲကြိုးချ၍ သေလေ၏။ ထိုအခါ မိခင်ကြီးက ဆရာထံသို့ သွားကာ ကျွန်မတို့ဆုတောင်းပေး၍ သူမအသက်ရှင်ရသဖြင့် သာ၍ စိတ်ပင်ပန်းစရာဖြစ်ခဲ့ရပါသည်။ ဘုရားရှင်သည် လွန်ခဲ့သောသုံးနှစ်သမီး အရွယ်ကပင် ခေါ်သွားခဲ့လျှင် အကောင်းသားဟု ငိုယိုကာပြောပြပါသတဲ့။

ဘုရားရှင်သည် အနာဂတ်ကို ကြိုတင်၍သိမြင်သောသူဖြစ်ပါ၏။ တစ်ဦးစီအတွက် အကောင်းဆုံးကိုစီမံပေးသောကြောင့် ဆုတောင်းသောအခါ ခြားနားသောအဖြေကို ရပါ၏။ အချို့က အလျှင်အမြန်အဖြေမရသဖြင့် စိတ်ပျက်တတ်ပါ၏။ ဘုရားရှင်အတွက် အကြောင်းပြချက်ရှိပါ၏။ သင့်တော်သောအရာ လိုအပ်သောအရာကို ပြင်ဆင်ချပေးမည့်အကြောင်း စိတ်ချယုံကြည်ဖို့ရန် ဖြစ်ပါသည်။

**နိုဝင်ဘာလ(၂၇)ရက်၊ ၂၀၀၇-ခုနှစ် (အင်္ဂါနေ့)**

ထို့နောက်မှ . . . ကျမ်းစာပြည့်စုံစေခြင်းငှါ အမှုရှိသမျှ ကုန်စင်ပြီးသည်ကို သိတော်မူလျှင် ရေငတ်သည် . . . ဟု မိန့်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ ၁၉း၂၈)

---

## " ကြင်နာသူ ... သခင်ယေရှု"

ကျွန်တော့်မိတ်ဆွေဦးဝင်းနိုင်တွင် ချူချာသောသမီးတစ်ယောက် ရှိပါသည်။ အင်ကြင်းနိုင်ကလေးသည် ငယ်ငယ်ရွယ်ရွယ်၌ပင် လေးဘက်နာရ၍ ကိုက်ခဲလွန်းသဖြင့် ဝိုင်းဝန်းနှိပ်နယ်ပေးရပါ၏။ တစ်ခါတလေများ ခံစားရလွန်းသဖြင့် ညည်းညူရှုံသာ တတ်နိုင်ပါသည်။ ငိုတောင်မငိုနိုင်တော့ဘူး။ ဘုရားသခင်ကတော့ ဒီဝေဒနာကို ခံစားရပါ့မလား။ သူက ဘုရားဆိုတော့ ကိုယ်ချင်းစာနိုင်မယ်မထင်ဘူးဟု ခလေးအတွေးနှင့်တွေးရင်း ပြောလျှင် မိခင်က ဘုရားသခင်သိပါတယ်။ သမီးနာကျင်တာကို ခံစားဖူးတာပေါ့ . . . ဟု ပြောပြပါသည်။

သူနာပြုဆရာတစ်ယောက်က သေခါနီးလူနာတစ်ယောက် ရေကိုတောင်းသောက်ပြီးနောက် ဆုံးသွားသည်ကို သတိပြုမိပါသတဲ့။ အသည်းအသန်ဖြစ်နေသော ခလေးငယ်တစ်ယောက်လည်း ရေကိုသောက်ပြီး သူ့လက်ပေါ်မှာ အသက်ကုန်ခဲ့ဖူးပါသတဲ့။ လူအိုတစ်ယောက်လည်း ရောဂါကြောင့်အားနည်းနေစဉ် မသေဆုံးမီ ရေတစ်ငုံသောက်ခဲ့ပါ၏။ သခင်ယေရှုက . . . နောက်ဆုံးအချိန်တွင် 'ငါရေငတ်သည်'ဟု ပြောသောစကားကြောင့် ကိုယ်တော်သည် တကယ်ပဲ လူဇာတိကိုခံယူကြောင်း ထင်ရှားပါ၏ . . . ဟု ပြောပြပါသည်။ ရေကို စပျစ်ရည်ဖြစ်စေသူ၊ သက်စမ်းရေဟု မိမိကိုယ်ကိုဖော်ပြခဲ့သော ယေရှုသခင်သည် လူသားစင်စစ်ဖြစ်ခဲ့ပါ၏။ ပုံးရည်နှင့်ပြည့်နေသောရေမှိုကို အံ့ဩဖွယ်ရေအဖြစ် မလုပ်ဆောင်ခဲ့ပါ။ သက်တော်စဉ်တစ်ခုလုံး အရှက်ကွဲခံရခြင်း၊ လူသားအဖြစ် သိက္ခာမဲ့ရခြင်း၊ ဆင်းရဲဒုက္ခနှင့်ဝေဒနာကို ထမ်းပိုးရခြင်းကိုသာမက သက်တော်ချုပ်ခါနီးမှာလည်း ရေငတ်ခြင်းကို လူသားတစ်ယောက်ပီပီသသ ခံစားခဲ့ရပါ၏။ ဘုရားရှင်၏မေတ္တာတော်ကြောင့် ကျွန်တော်တို့နှင့် ထပ်တူထပ်မျှခံစားခြင်းလည်း ဖြစ်ပါသည်။ ကိုယ်တော်သည် လူသားများနှင့် ထပ်တူထပ်မျှ ခံစားခြင်းလည်းဖြစ်ပါ၏။

ကျွန်တော်တို့နာကျင်ခံစားရသောအခါ ကိုယ်တော်သိပါသည်။ ကိုယ်တော်သည် ခံစားနားလည်၍ ကျွန်တော်တို့၏ ညည်းညူသောအသံကိုကြားလျက် ဂရုဏာသက်ပါသည်။ ယေရှုရှင်ကြင်နာကြောင်းကို သိမြင်၍ အားငယ်ရန်အကြောင်းမရှိပါ။ သက်သာသောအခွင့်ကို ပေးမည်ဟု ယုံကြည်မျှော်လင့်လျက် မျက်နှာတော်ကို မော့ကြည့်ပါ။

သွားရာလမ်းဝေးကွာ၊ ဝန်ထုပ်လေးသောအခါ
ယေရှုရှင် ကြင်နာပါသလား။

**နိုဝင်ဘာလ(၂၈)ရက်၊ ၂၀၀၇–ခုနှစ် (ဗုဒ္ဓဟူးနေ့)**

လူတိုင်း စားသောက်ခြင်းငှါလည်းကောင်း၊ မိမိကြိုးစားအားထုတ်သမျှသောအမှု၌ ပျော်မွေ့ ခြင်းငှါလည်းကောင်း၊ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ အခွင့်ရှိ၏။ (ဒေသနာကျမ်း၊ ၃း၁၃)

---

## “ ကျေးဇူးတော်ကြောင့်သာ ...”

သိက္ခာတော်ရဆရာ ဦးမြသောင်းက ကျွန်တော်တို့အတွက် အချစ်ကဗျာတစ်ပုဒ်ရေးပေးမည်ဟုပြောစဉ်က . . . ရယ်စရာဟုအောက်မေ့သော်လည်း သူက ခပ်တည်တည်နှင့် ‘အလွမ်း’ဆိုသော ခေါင်းစဉ်တပ်ထားသည့်ကဗျာကလေးကို ပေးခဲ့ဖူးပါသည်။ မေတ္တာတမန်မဂ္ဂဇင်းမှာ အယ်ဒီတာလုပ်တုန်းကဆိုတော့ . . . ကြာခဲ့သော်လည်း၊ တစ်ခါဖတ်မိကတည်းက မမေ့နိုင်သောကဗျာတိုကလေးကို ယနေ့ညမှာ ပြန်ရွတ်ဆိုပြချင်ပါ၏။

“ မိုးတွေကရွာ၊ လေတွေကတိုက် . . .၊<br>
ချစ်သူအိမ် လှေကားအတက်မှာ<br>
မြွေပွေးကကိုက် ”

အဲဒါကလေးပါပဲ။ ဖတ်ပြီးပြီးချင်း ရယ်ရမလိုလိုနှင့် ခဏနေတော့ မရယ်နိုင်တော့ပါ။ ကဗျာထဲက ဇာတ်လိုက်နေရာမှာခံစားကြည့်တော့ မသက်သာပါ။ မိုးများရွာသွန်းလျက်၊ လေပြင်းများတိုက်ခတ်လျက် ရာသီဥတုမသာယာသောညမှာ တွံတေးသား ကိုဒေဝသည် ချစ်သူကိုတွေ့ဆုံဖို့ ခိုးကြောင်ခိုးဝှက် စွန့်စားသွားခဲ့ပါ၏။ တောရပ်ဒေသဖြစ်၍ လှေကားဖြင့် အိမ်ပေါ်တက်၍ ချစ်သူ့မျက်နှာလမင်းငယ်ကို မြင်ရခါနီးမှ လှေကားရင်းတွင် မြွေပွေးကိုက်၍ . . . သေရသောအကြောင်းအရင်းပါ။ ရင်နာစရာဇာတ်လမ်းလေးတစ်ပုဒ်ပါ။

မိမိဆန္ဒဖြင့်ကြိုးစားခဲ့သောအမှုအရာများစွာရှိပါသည်။ တစ်ခါတလေတော့ အောင်မြင်ခါနီးမှ လုံးဝမမျှော်လင့်ခဲ့သောအတားအဆီးက ဘွားကနဲပေါ်လာသောအခါ ဝမ်းနည်းပက်လက်ဖြစ်ရပါ၏။ ထိုအခါများတွင် ဘုရားသခင်ကို အပြစ်တင်မိပါသည်။ ဘယ်လိုလဲ ဘုရားသခင်။ ကျွန်တော်ကြိုးစားခဲ့ရတာ ပင်ပန်းခဲ့ရတာ ဘုရားရှင်မသိဘူးလား။ ယခု အောင်မြင်ခါနီးမှ ဘာဖြစ်လို့ ဒီလိုဖြစ်ရတာလဲ . . . ဟု တွေးမိပါ၏။ ပြောမိပါသည်။ သို့သော် . . . ကျွန်တော်တို့ကြံစည်သမျှသည် ကျွန်တော်တို့ရပိုင်ခွင့်ရှိသည်ဟု ယုံကြည်သတ်မှတ်၍မရပါ။ ဒေသနာဆရာကိုယ်တိုင်ပင် . . .

စားသောက်ခြင်းငှါလည်းကောင်း၊ ကြိုးစားအားထုတ်ရာ၌ စိတ်နှလုံးပျော်မွေ့ခြင်းငှါလည်းကောင်း၊ လူ၌ ကောင်းသောအခွင့်မရှိ၊ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ ထိုသို့သောအခွင့်ကိုရနိုင်သည်ဟု ငါသိမြင်၏ . . . ဟု ဝန်ခံခဲ့ပါသည်။ ခပ်သိမ်းသောအမှု၌ ကိုယ်တော်ရှင်၏ကျေးဇူးတော်ကြောင့်သာ ရယူအောင်မြင်နိုင်ကြောင်းကို သိမြင်၍ ကျေးဇူးတော်ကို ချီးမွမ်းရပါမည်။

**နိုဝင်ဘာလ(၂၉)ရက်၊ ၂၀၀၇–ခုနှစ် (ကြာသာပတေးနေ့)**

ဘုရားသခင်ရှေ့တော်၌ မွေးကြိုင်သောအနံ့ရှိစေခြင်းငှါ ကိုယ့်ကိုယ်ကိုဆက်ကပ်ပူဇော်လျက် ငါတို့အတွက် စွန့်တော်မူသည်နည်းတူ သင်တို့သည် မေတ္တာတရား၌ ကျင်လည်ကြလော့။ (ဧဖက်သြဝါဒစာ၊ ၅း၂)

---

## “ မေတ္တာနှင့် ...”

တက္ကသိုလ်မှာကျောင်းတက်နေသောသားငယ် အိမ်သို့ ပြန်ရောက်လျှင် မိခင်က ‘သားရေ ရေထည့်လိုက်ဦးနော်၊ သောက်ရေကုန်ပြီ’ ဟု ပြောလျှင် သူက မျက်နှာမကောင်းတော့ပါ။ ကျောင်းမှာတစ်နေ့ကုန်ပင်ပန်းခဲ့တာ၊ နေစမ်းပါဦးဗျာ မောလွန်းလို့ဟု ပြန်ပြောပါသည်။ ထို့ကြောင့် မိခင်အိုပဲရေထည့်ရတော့တာပေါ့။ ကျောင်းဆရာမဖြစ်သောသမီး အိမ်သို့ရောက်သောအခါ မိခင်က ‘သမီးရေ ဈေးသွားပေးပါဦး၊ အမေက စက်ဘီး မစီးတတ်လို့ သမီးကိုစောင့်နေတာ . . . ’ဟု ပြောလျှင် သူမက နှုတ်ခမ်းစူလျက် ‘တစ်နေ့လုံး စာသင်ရတာ မောမှမောပဲ၊ အမေကတော့လုပ်ပြီ၊ ခဏနားပါရစေဦး’ ဟု ပြန်ပြောပါ၏။ ထို့ကြောင့် မိခင်အိုပဲ တုန်တုန်ချိချိနဲ့ ဈေးသွားရတာပေါ့။

တစ်ခါတုံးကတော့ ဤပိန်ပိန်သွယ်သွယ်မိခင်သည် ရင်သွေးလေးယောက်ကို မလစ်မလပ်ပြုစုရင်း ကျောင်းဆရာမလည်း လုပ်ခဲ့ပါသည်။ တောက်သောမျက်လုံးများဖြင့် လောကကိုမနွမ်းမနယ်ရုန်းကန်ခဲ့ပါသည်။ ကျောင်းမှပြန်ရောက်တော့ အိမ်အလုပ်၊ အိမ်အလုပ်ပြီးတော့ သားသမီးများအတွက် အချိန်ပေးကာ ပြုစုရသည်။ ညနက်မှ အိပ်ယာဝင်သော်လည်း သားသမီးများအတွက် ဆုတောင်းမပျက်ခဲ့။ ထိုအကြောင်းကို ယနေ့ သားသမီးများကို ပြန်ပြောပြတော့ သူတို့က ရယ်ရယ်ကျဲကျဲနဲ့ အမေတို့ခေတ်တုံးကတော့ အားရှိတာပေါ့၊ လုပ်နိုင်တာပေါ့၊ အခု ကျွန်မတို့ခေတ်က အချိုမှုန့်တွေစားတာများလို့ အားနည်းကုန်ပြီ မတတ်နိုင်တော့ဘူးဟု စကားလွှဲပါ၏။ သို့သော် သူတို့မိခင်က . . . ‘မေတ္တာလေ၊ မေတ္တာမှ မတူတာ . . . ’ဟု ညည်းညူပါသည်။ မိခင်တို့၏မေတ္တာက အလွန်ခိုင်ခန့်၍ ခွန်အားရှိပါသည်။ ခိုင်ခန့်သည့်မေတ္တာရှိသောကြောင့် ခွန်အားရလျက် ပေးဆပ်နိုင်ခြင်း၊ လုပ်ဆောင်နိုင်ခြင်းဖြစ်ကြောင်း နားလည်ရပါသည်။

မေတ္တာသည် ခပ်သိမ်းသောအရာကို သည်းခံတတ်၏ . . . ဟူသော သမ္မာတရားကို ရှင်ပေါလုရေးသားခဲ့ပါ၏။ ပင်ပန်းဆင်းရဲခြင်းကို အံ့တုနိုင်သောအရာမှာ မေတ္တာကြောင့်ဖြစ်ပါ၏။ ကျွန်တော်ကျွန်မတို့အတွက် မိဘများပင်ပန်းဆင်းရဲခံရသည်မှာ မေတ္တာကြောင့်ဟု မြင်လာဖို့လိုပါ၏။ ထိုနည်းတူစွာပင် နွားစာခွက်၌ သခင်ယေရှုမွေးဖွားလာခြင်းနှင့် လက်ဝါးကားတိုင်၌ အသေခံရခြင်းမှစ၍ ဒုက္ခဆင်းရဲအပေါင်းကိုခံစားရခြင်း ခံစားနိုင်ခြင်းမှာလည်း ကျွန်တော်တို့အားလုံးကို ချစ်သောကြောင့် မေတ္တာနှင့်ဖုံးအုပ်သောကြောင့်ဖြစ်ကြောင်းကို ဆင်ခြင်ရန် ရှိပါသည်။

**နိုဝင်ဘာလ(၃၀)ရက်၊ ၂၀၀၇–ခုနှစ် (သောကြာနေ့)**

အကြောင်းမူကား၊ ဘုရားသခင်သည် ငါတို့အားကြောက်တတ်သော စိတ်သဘောကို ပေးတော်မူသည်မဟုတ်။ တန်ခိုးပါသောစိတ် ချစ်တတ်သောစိတ် ရှင်လန်းသောစိတ် သဘောကို ပေးတော်မူ၏။ (တိမောသေသြဝါဒစာ၊ဒုတိယစောင်၊ ၁း၇)

## " ကြောက် ကြောက် ..."

ကျွန်တော့်မိတ်ဆွေ တေးသံရှင်ဂျွန်နသန်သည် နံနက်စောစောမိုးမလင်းခင်မှာပဲ အိမ်ရှေ့သို့ရောက်လာကာ အော်ဟစ်နေသဖြင့် အိပ်ယာမှလန့်နိုးကာ ကမန်းကတန်းထ၍ တံခါးဖွင့်ပေးပါသည်။ သူတို့သာမက သီချင်းရေးသောစောဂျိုးဂျိုနှင့် စာရေးဆရာများ၊ ပန်းချီဆရာများလည်း ကျွန်တော့်အိမ်မလာတာကြာပါပြီ။ ဟိုဟိုဒီဒီသွားလည်ရန်လည်း ကျွန်တော် သူတို့နှင့်လွဲမှာစိုး၍ ဘယ်မှမသွားဘဲနေခဲ့တာကြာသော်လည်း ခါတိုင်းဆို လာလာနေကြ မိတ်ဆွေများ မလာကြပါ။ အားရပါးရရယ်မောတတ်သော စပယ်သင်းလည်း ပေါ်မလာ၊ ကျွန်တော်က . . .

" ဘယ်လိုဖြစ်တာလဲဗျ၊ ခင်ဗျားတို့ ပျောက်နေပါလား။ ကျွန်တော်မျှော်နေတာ . . . " ဟုဆိုလျှင် ဗလကောင်းကောင်းဘောင်းဘီတိုတိုနှင့်ဂျွန်နသန်က . . ဟီးဟီး၊ ကြောက်တယ် လေဗျာ။ ဘယ်လိုလုပ်လာရမလဲ။ အခြေအနေက ခင်ဗျားသိနေတာပဲဟု ပြန်ဖြေပါသည်။ မိုးများအဆမတန်ရွာ၊ ရေများကြီးနေ၍ သူတို့ 'ကား' ရေနစ်မှာကြောက်၍မလာနိုင်ကြောင်း ပြောပါသည်။ ဒီအတောအတွင်း လုပ်ငန်းကိစ္စနှင့်သွားသွားလာလာလုပ်ရင်း ရေတွေ ကြားထဲမှာ ကားစက်ပျက်၍ ဒုက္ခရောက်ရကြောင်း ဆက်၍ပြောပြပါသည်။ တကယ်တော့လည်း ရေများကိုကြောက်ရပါသည်။ ကားကနိမ့်နိမ့်ဆိုတော့ စက်တွေထဲ ရေဝင်ကုန်လျှင် ခက်လှပါသည်။ ထို့ကြောင့်လည်း မြေနိမ့်ရာ၊ ရေများစုဝေးရာ၊ ကျွန်တော့်ဆီမရောက်တာပဲ။ ကျွန်တော်ကိုယ်တိုင်လည်း အိမ်ရေမြုပ်သဖြင့် တော်တော်ကြောက်ခဲ့ရတာပါ။ ကြောက်နေသဖြင့် မိတ်ဆွေများနှင့်တွေ့ဆုံဖို့ရန် အဆင်မပြေခဲ့ပါ။

သမ္မာကျမ်းစာ၌မူ . . "ကြောက်ရွံ့ခြင်းမရှိနှင့် . . "ဟူသောစကားသည် (၃၆၅)ကြိမ်ပါရှိပါ၏။ ဘာဖြစ်လို့များ (၃၆၅)ကြိမ်တောင် ပါဝင်ရပါသနည်း။ တစ်နှစ်မှာ (၃၆၅)ရက်ရှိရုံမက လူတို့သည် နေ့စဉ်ပင် ကြောက်တတ်သောသဘောရှိ၍ ဘုရားရှင်ကခွန်အားပေးရန် စီစဉ်ထားခြင်းလည်း ဖြစ်နိုင်ပါ၏။ အဓိပ္ပါယ်မှာ တစ်နှစ်လုံးလုံးပင် တစ်ရက်မှ ကြောက်စရာမလိုပါ။ ရန်သူများကြား၌ရှိနေလျက်ပင် ဒါဝိဒ်မင်းကြီးက ဆာလံသီချင်းကို စပ်ဆိုနိုင်ပါ၏။ သူက . . " ငါသည် ကျဉ်းမြောင်းရာထဲက ထာဝရဘုရားကိုခေါ်၍ ထာဝရဘုရားသည် ကျယ်ဝန်းသောအရပ်ထဲသို့ သွင်းတော်မူ၏။ ထာဝရဘုရားသည် ငါ့ဖက်မှာရှိတော်မူသည်ဖြစ်၍ ကြောက်စရာမရှိ။ လူသည် ငါ့၌အဘယ်သို့ပြုနိုင်သနည်း " (ဆာ၊ ၁၁၈း၅-၆)ဟု ကြွေးကြော်ခဲ့ပါသည်။ ကြောက်စရာနေ့ရက်၊ ကြောက်စရာအခြေအနေများကို ဘုရားရှင် ဖယ်ရှားပေးနိုင်၊ ကာကွယ်ပေးနိုင်သောကြောင့် ကိုယ်တော်၏အားပေးခြင်းဖြင့် သာယာသော မနက်ဖြန်ကို မျှော်လင့်ကြပါစို့။